ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့၊ (22-8-2005) (၄၆၉၅)

တောင်ဥက္ကလာပမြို့နယ်နှင့် လှိုင်မြို့နယ်အတွင်းရှိ စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၇ တိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ စိုက်ထူလှူဒါန်းပွဲတွင် ဆရာတော်အား လှူဖွယ်ပစ္စည်းများဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၇ တိုက်၊ ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၅ တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ရှိ မဟာမုနိဓမ္မာရုံကြီးနှင့် လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက်ရှိ ပဏ္ဍိတာရာမ ပရိယတ္တိစာသင်တိုက်တို့၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားများသို့ ပရိယတ္တိစာသင်တိုက်များမှ ပဓာန နာယကဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်းရှိ ပရိယတ္တိ စာသင်တိုက် ၁၅ တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ စိုက်ထူလှူဒါန်းပွဲတွင် အလှူရှင်များလှူဒါန်းသော ဆွမ်းပဒေသာပင် အလှူငွေများ လက်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၂–၈–၂၀၀၅
(တနင်္လာနေ့)

လမ်း၊ တံတားများ ကွန်ရက်သဖွယ် တည်ဆောက်ပေးမှု စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးမှု ပိုမိုအကျိုးပြု

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း နယ်မြေဒေသ အစိတ်အပိုင်းအားလုံး မျှတစွာဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်နည်းပါးစေရေး၊ တိုင်းရင်းသားလူမျိုးများ အားလုံး လူမှုစီးပွားရေးအဆင့်အတန်း ဟန်ချက်ညီညီ တိုးတက်မြင့်မားစေရေးအတွက် တစ်နိုင်ငံလုံး ဖြန့်ကြက်ဆောင်ရွက်ပေးနေသည်။

နယ်မြေဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးသည် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်ရာ နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် နိုင်ငံတစ်ဝန်း ပြည်ထောင်စု လမ်းမကြီးများ အပါအဝင် လမ်းသစ်များစွာကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိသည်။ လမ်းသစ်များနှင့်အတူ တံတားပေါင်းများစွာတို့ကိုလည်း တိုးမြှင့်တည်ဆောက်ပေးနေသည်ကို တွေ့ရသည်။

ဧရာဝတီတိုင်း မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် မရမ်းငူတံတားကို ဩဂုတ်လ ၁၆ ရက်နေ့က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။ မရမ်းငူတံတားသည် အိမ်မဲမြို့နယ် လပွတ္တာ–မြောင်းမြ–အိမ်မဲ–ကျောင်းကုန်းလမ်းပေါ်ရှိ အိမ်မဲချောင်းကို ဖြတ်ကျော်တည်ဆောက်ထားပြီး တံတားအရှည်မှာ ပေ ၂၄၀ ရှိသည်။

အဆိုပါတံတားမှာ ယခင်က သစ်သားတံတားအဆင့်သာရှိခဲ့သည်။ ယခုတည်ဆောက်သည့် တံတားသစ်သည် သံကူကွန်ကရစ် လွန်တူးဘိုးပိုင်အုတ်မြစ်၊ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်ရက်မတို့ဖြင့် တည်ဆောက်ထားပြီး တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်ကြောင်းသိရသည်။

ဧရာဝတီတိုင်းသည် မြစ်ချောင်းအင်းအိုင်ပေါများသည့် ဒေသဖြစ်၍ ယခင်ကာလများက တစ်နေရာမှတစ်နေရာသို့ သွားလာရာတွင် ရေလမ်းခရီးကိုသာ အားထားအသုံးပြုခဲ့ကြရသည်။ လှေ၊ သင်္ဘောတို့ကိုသာ အသုံးပြုသွားလာကြရသဖြင့် အချိန်ကြန့်ကြာမှုရှိသည့်အပြင် ကုန်စည်များ တင်ပို့ရောင်းချရာတွင် အခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့ကြရသည်။

မြောင်းမြခရိုင်အတွင်း မရမ်းငူတံတားကို တည်ဆောက်ပေးလိုက်သည့်အတွက် လပွတ္တာ–မြောင်းမြ–အိမ်မဲ ကားလမ်းတစ်လျှောက်ရှိ မြို့နယ်ခြောက်မြို့နယ်မှ ကျေးရွာပေါင်း ၂၇၄၂ ရွာတွင် နေထိုင်ကြသည့် ပြည်သူ ၁၆ သိန်းခန့်တို့မှာ ခရီးသွားလာရာ၌ ပိုမိုလွယ်ကူ အဆင်ပြေလျက်ရှိသည်။

ထို့အပြင် ဆန်စပါး၊ ဂုန်လျှော်၊ ရေထွက်ပစ္စည်းစသည့် ဒေသထွက်ကုန်များကို ယခင်ကကဲ့သို့ ယာဉ်ပြောင်းယာဉ်လွှဲ လုပ်စရာမလိုတော့ဘဲ အချိန်တိုတိုဖြင့် လွယ်လင့်တကူ သယ်ယူပို့ဆောင် တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်သည်။

ဧရာဝတီတိုင်းအတွင်း သဘာဝမြစ်ချောင်းများ ယှက်နွယ်တည်ရှိနေမှုကို နိုင်ငံတော်က ပြည်သူတို့၏ စွမ်းအားဖြင့် လမ်း၊ တံတားများစွာ ကွန်ရက်သဖွယ် တည်ဆောက်ဖြည့်ဆည်းပေးထားခြင်းကြောင့် ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုလျက် ရှိနေပြီဖြစ်သည်။ တိုင်းအတွင်း ၁၉၈၈ ခုနှစ်က လမ်းမိုင် ၄၄၀ သာရှိခဲ့ရာမှ ယခုအခါ ၁၃၃၂ ဒသမ ၂ မိုင်အထိ ရှိနေကြောင်း တွေ့ရသည်။

ဧရာဝတီတိုင်းအတွင်း ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အင်အားတို့ခိုင်မာစွာ ဖြစ်ထွန်းလျက်ရှိရာ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ရေခံမြေခံ အခြေခံကောင်းများကိုအသုံးပြု၍ အချိန်တိုကာလအတွင်း ဖွံ့ဖြိုးတိုးတက်လာရန် အလားအလာ ကောင်းမွန်လျက်ရှိပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်လာရေးအတွက် အခြေခံ အဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာတွင် တစ်ခုအပါအဝင်ဖြစ်သည့် လမ်း၊ တံတားများ ကွန်ရက်သဖွယ် တည်ဆောက်ပေးနေခြင်းသည် ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုအကျိုးပြုလာနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း တေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(အခြေခံပညာအဆင့်) ပြိုင်ပွဲဖွင့်ပွဲ ကျင်းပ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်းတေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(အခြေခံပညာအဆင့်) ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးလှအေး၊ ပညာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရန်ကုန်တိုင်း တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး (အခြေခံပညာအဆင့်) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (အခြေခံပညာအဆင့်) ပြိုင်ပွဲ ကျင်းပရေးကော်မတီနာယက အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ဖွင့်လှစ်ပေး

ရှေးဦးစွာ ရန်ကုန်တိုင်း တေရသမအကြိမ်(၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(အခြေခံပညာအဆင့်) ပြိုင်ပွဲ ကျင်းပရေးကော်မတီနာယက၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက ဖဲကြိုးဖြတ်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဝမ်းမြောက်ဂုဏ်ယူ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် အခြေခံပညာအဆင့်အနေဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုအတွက် ပြုစုပျိုးထောင်ပေးရေးသည် အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် စစ်မှန်သည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန် အခြေခံနှင့် အမွေခံကောင်းများ ပေးကြရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ ရည်ရွယ်ချက်(၇)ရပ်ကို ပေါက်မြောက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းအနေဖြင့် နှစ်စဉ်ဆွတ်ခူးရရှိခဲ့သည့် အောင်မြင်မှုအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားနိုင်ရေး အတွက်လည်း မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး နွေရာသီ အခြေခံသင်တန်းကို တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပညာရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် အနုပညာရှင်ကြီးများ စုပေါင်းညီညွတ်မှု စွမ်းအားဖြင့် ၂၀၀၅ ခုနှစ် ဧပြီလနှင့် မေလအတွင်း တစ်လသင်တန်း ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းသည်လည်း ယခုပြိုင်ပွဲအတွက် ကြီးမားသော အထောက်အကူ ဖြစ်လိမ့်မည်ဟု မျှော်လင့်ကြောင်း၊ အနုပညာရှင်ကြီးများအနေဖြင့် အဆို၊ အက၊ အရေး၊အတီးဆိုင်ရာ ဘာသာရပ်များ ကို အနာဂတ်မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများအား စနစ်တကျ သင်ကြားပြသပေးကြကာ လက်ဆင့်ကမ်း ပညာအမွေပေးနိုင်ကြခြင်းသည် နိုင်ငံနှင့် လူမျိုးအတွက် အလွန်အကျိုးရှိပြီး အရေးပါသည့် အမျိုးသားရေး တာဝန်တစ်ရပ်ကိုဖော်ဆောင်ပေးရာ ရောက်သည်ဟု ရှုမြင်ခံစားမိသည့်အတွက် အနုပညာရှင်ကြီးများနှင့် တာဝန်ရှိသူများအား ကျေးဇူးတင်ရှိ ပါကြောင်းနှင့် ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးကော်မတီနာယက အဖွဲ့ဝင် အမှတ်(၃) အခြေခံပညာ ဦးစီးဌာန (ရန်ကုန်မြို့တော်)မှ ညွှန်ကြားရေးမှူး(ပညာ) ဦးအောင်ချိန်က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အကများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က ဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်းတို့ကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာ ကျောင်းများမှ အဆိုပြိုင်ပွဲတွင် ၆၄ ဦး၊ အကပြိုင်ပွဲတွင် ၂၇ ဦး၊ အရေးပြိုင်ပွဲတွင် ငါးဦးနှင့် အတီးပြိုင်ပွဲတွင် ၈၀ တို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများကို လသာမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် လမ်းမတော်မြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းများ၌ ဩဂုတ် ၂၀ ရက်မှ ဩဂုတ် ၂၂ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

(သတင်းစဉ်)

❀ ရွှေဖုံးမှ

တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အတွင်းရှိ ပရိယတ္တိ စာသင်တိုက် ၁၇တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်း ဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကို မွန်းလွဲ ၁နာရီတွင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ရှိ မဟာမုနိ ဓမ္မာရုံကြီး၌ ကျင်းပရာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တောင်ဥက္ကလာပမြို့နယ် ငွေကြာရုံပရိယတ္တိစာသင်တိုက် နာယက အဖွဲ့ဝင် စာချဆရာတော်ဘဒ္ဒန္တ ဓမ္မဒိန္န(ဓမ္မာစရိယ၊ ဒီဃ ဘဏ္ဍာက)ထံမှ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တောင်ဥက္ကလာပမြို့နယ် သံဃ နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ နန္ဒမာလာအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီး များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများ ကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်းနှင့် စစ်ဦးစီးဗိုလ်မှူးကြီး(လေ) ဗိုလ်မှူးကြီးနေဝင်းတို့က ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စု မြန်မာ နိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်း ဆေးပညာဦးစီးဌာန၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန် အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက် ရေးကြီးကြပ်ရေးအဖွဲ့၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်စစ်မှု ထမ်းဟောင်းအဖွဲ့၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့၊ စန္ဒီပရဆေး(ဦးသိန်းမောင်)-ဒေါ်ပါးပါး မိသားစု၊ အိုကေ ဆန်ရောင်းဝယ်ရေးမှ ဦးငြိမ်း-ဒေါ်အုန်းကျင် မိသားစု၊ မဏိဇောတဓရ ဦးကျော်မင်း(ရန်ကင်း) တောင် ဥက္ကလာပစက်မှုဇုန်၊ ဦးမောင်မောင်ဦး(ဂေါ်ဇီလာခြင်ဆေး)၊ သီရိသုဓမ္မ ဒဂုန်ဦးတင်ဝင်း မိသားစု၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှ၊(စိန်ခဲ၊ငွေခဲမိသားစု၊ငံပြာရည်)၊ အာရှ ကြီးပွားရေး နှင့် တိုးတက်ရေး သွင်းကုန်ထုတ်ကုန်၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်မှုနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ မှန်ချိုဆေးတိုက်၊ ထက်လင်းဆေးတိုက်၊ ထွန်းရွှေဝါ ဆေးတိုက်၊ ပတ္တမြား ၈၄၀ ဆေးတိုက်၊ ကေသီပန် ဆေးတိုက်၊ ပန်းဝတ်မှုံဆေးတိုက်၊ မိဂသီဆေးတိုက် အပါ အဝင် အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေးနှင့် ပဲများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆွမ်းပဒေသာပင် အလှူငွေများအဖြစ် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက ငွေကျပ် ၁၇၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ် ၈၅၀၀၀၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် သုံးသိန်း၊ မြို့နယ်အတွင်းမှ အလှူရှင်များက ငွေကျပ် ၄၁၁၆၀၀၀၊ မြန်မာပြည်သားဟော့ ကေအင်န်ကုမ္ပဏီမှ သီဟသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း-သီရိသုဓမ္မသီင်္ဂီ ဒေါ်စန်းဝင်းတို့က ငွေကျပ်သုံးသိန်း၊ ဘီတီဘီကုမ္ပဏီမှ သီဟသုဓမ္မမဏိဇောတဓရ ဦးသိုင်းဝင်း-သီဟသုဓမ္မသီင်္ဂီ ဒေါ်ဌေးဌေးညွန့်တို့က ငွေကျပ် နှစ်သိန်း၊ ဝင်းရတနာ ခရီးသွားလုပ်ငန်းမှ သီဟသုဓမ္မမဏိဇောတဓရ ဦးတင် အောင်-ဒေါ်လှလှနွယ်တို့က ငွေကျပ်နှစ်သိန်း၊ ဆန်းမြန်မာ ကုမ္ပဏီမှ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန်တို့က ငွေကျပ် တစ်သိန်းငါးသောင်း၊ သမ္မတသက်န်းတိုက်မှ သီဟသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်-သီဟသုဓမ္မသီင်္ဂီ ဒေါ်ကြည်ကြည် ဆွေတို့က ငွေကျပ် တစ်သိန်းခုနစ်သောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ငွေကျပ်ငါးသိန်း၊ ဦးအိုက်လင်း (Grade Nine) ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ်ငါးသိန်း၊ တောင်ဥက္ကလာပစက်မှုဇုန်က ငွေကျပ် ခုနစ်သိန်း၊ သီရိ သုဓမ္မသီင်္ဂီ ဒေါ်အေးမြတ်နွယ်(ပုဂံဟိုတယ်)က ငွေကျပ် နှစ်သိန်း၊ စန္ဒီပရဆေးတိုက်မှ (ဦးသိန်းမောင်)-ဒေါ်ပါးပါး မိသားစုက ငွေကျပ် ၂၂၅၀၅၀၊ သဃ်န်းကျွန်းမြို့နယ် သပြေညို အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးမှ ဦးချစ်မွေး- ဒေါ်မြင့်မြင့်ရီတို့က ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံ ဆန် ကုန်သည်ကြီးများအသင်းက ငွေကျပ် တစ်သိန်းခုနစ်သောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၂)ရပ်ကွက် ဆက်သွယ်ရေး လမ်းနေ ဦးသက်ဦး-ဒေါ်ဝေတို့က ငွေကျပ် ၃၅၀၀၀၀၊ တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် သံသုမာလမ်းနေ ဦးသာကျော်-ဒေါ်ခင်စန်းဦးတို့က ငွေကျပ် ၂၅၀၀၀၀၊ ဒဂုံ မြို့သစ်(မြောက်ပိုင်း)နေ ဒေါ်ခိုင်ဇံဝေ မိသားစုက ငွေကျပ် ၁၃၂၀၀၀၊ တောင်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက် ကြာပဒုမ္မာ လမ်းနေ ဦးတင်မောင်(ကရမက်)က ငွေကျပ် ၁၅၀၀၀၀၊ တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် ဝေဇယန္တာလမ်းနေ ဦးစံငြိမ်းက ငွေကျပ် ၁၅၀၀၀၀၊ မြို့နယ်ပညာရေးဝန်ထမ်း မိသားစုများက ငွေကျပ် ၁၁၀၇၀၀၊ တောင်ဥက္ကလာပမြို့နယ် (၁၄)ရပ်ကွက် ယင်းမာလမ်းနေ ဦးလှမြိုင်-ဒေါ်စန်း၊ (၁၀)ရပ်ကွက်နေ ဒေါ်ခင်စန်းမိသားစု၊ (၁၄)ရပ်ကွက် ယင်းမာ လမ်းနေ ဦးတင်ရွှေ မိသားစု၊ (၁၄)ရပ်ကွက် (၂)လမ်းနေ ဒေါ်စောကြည်မိသားစုတို့က ငွေကျပ် တစ်သိန်းနှစ်သောင်းစီ၊ (၁၁)ရပ်ကွက် သာသနာ့ဟိတခမ္မာရုံ နိဗ္ဗာန်ဆော်လှူငယ်များ အဖွဲ့၊ မြို့နယ် ဆန်ကုန်သည်များအသင်း၊ ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် မြရတနာလမ်းနေ မဏိဇောတဓရ ဦးကျော် မင်း၊ ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် အနော်ရထာလမ်းနေ ဒေါ်ခင်နန်းမွန်၊ ရန်ကင်းမြို့နယ် (၇)ရပ်ကွက် ပြည်တော်အေး ရိပ်သာလမ်းနေ ဦးသန်းထွန်း(ကံကော်ရွှေပြည်)၊ တာမွေ မြို့နယ် နုငယ်ဆောက်လုပ်ရေးမှ ဒေါ်နုနုငယ်၊ ဒဂုံတောင် စက်မှုဇုန် ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်းမှ ဦးခင်ဇော်၊ ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ် ထွန်းလမ်းနေ ဦးစိုးဟန်လင်း၊ ဦးအောင်မွန်၊ ဦးအောင်မြတ် (Mother Trading) ကုမ္ပဏီလီမိတက်၊ ထွန်းရွှေဝါ ဆေးတိုက်မှ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ၊ ထက်လင်း ဆေးတိုက်မှ ဦးခင်မောင်ထွန်းတို့က ငွေကျပ် တစ်သိန်းစီ၊ ချမ်းမြေ့စတိုးမှ ဦးသန်းမောင်-ဒေါ်ငွေကြည်တို့က ငွေကျပ် တစ်သိန်းရှစ်ထောင်၊ မြန်မာနိုင်ငံ ဆီကုန်သည်ကြီးများ အသင်းက ငွေကျပ် ရှစ်သောင်းငါးထောင်၊ လမ်းမတော် မြို့နေ ဒေါ်လှလှနှင့် ကေသီပန်ဆေးတိုက်၊ မှန်ချိုဆေးတိုက် တို့က ငွေကျပ် ငါးသောင်းနှစ်ထောင်စီအပါအဝင် အလှူရှင် များက အလှူငွေများ အသီးသီးပေးအပ်လှူဒါန်းကြရာ အတွင်း ရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက ပရိယတ္တိစာသင်တိုက်များ ကိုယ်စား လက်ခံကြသည်။

ထို့နောက် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို စစ်ဦးစီး ဗိုလ်မှူးကြီး(လေ) ဗိုလ်မှူးကြီးနေဝင်းက ရှင်းလင်း လျှောက်ထားသည်။

ယင်းနောက် တောင်ဥက္ကလာပမြို့နယ် ငွေကြာရုံ ပရိယတ္တိစာသင်တိုက် နာယကအဖွဲ့ဝင် စာချဆရာတော် ဘဒ္ဒန္တ ဓမ္မဒိန္န (ဓမ္မာစရိယ ဒီဃဘဏ္ဍာက) အရှင်သူမြတ်က အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး အတွင်း ရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပ စေတီတော်ဝတ်အသင်းအဖွဲ့က အရပ်(၁၀)မျက်နှာ မေတ္တာ ပို့သကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်း ရှိ ပရိယတ္တိစာသင်တိုက် ၁၇ တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ယနေ့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၄၀၂အိတ်၊ ဆီ ၁၅၉ပိဿာ၊ အိုင်အိုဒင်းဆား ၁၅၉၅ပိဿာ၊ သွားတိုက်ဆား ၃၁၉ဘူး၊ ပဲ ၂၈၇ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ၁၂၄၈၂ ဘူး၊ ဆပ်ပြာ ၄၁၉၄တောင့်၊ ငံပြာရည် ၇၅လီတာ၊ ငါးခြောက် ၈၄၈ပိဿာ၊ကြာဇံအထုပ် ၆၀၀၊ခြင်ဆေးဘူး ၄၈၀၊ ကျိုက်ထီး ရိုးပုံတော် ၁၀၀၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ⇨**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ် ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရန်ကုန် အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၇ တိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲတွင် ဆရာတော် သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည် ကြစဉ်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၇ တိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဆရာတော်အား လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၅တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန် တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများ လှူဒါန်းသော ဆွမ်း ဆန်တော်၊ ဆီ၊ ပဲများကို တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် ဉာဏ်ထွန်းနှင့် စစ်ဦးစီးဗိုလ်မှူးကြီး(စက်မှုလက်မှု) (လေ) ဗိုလ်မှူးကြီးချမ်းမောင်တို့က သီလရှင်ဆရာကြီးများအား ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမေရိကန်စစ်သင်္ဘော ဒုံးကျည်ဖြင့်ပစ်ခတ်ခံရ ပစ်မှတ်လွဲချော်ပြီး ကုန်လှောင်ရုံကို ထိမှန်

အမ္မန် ဩဂုတ် ၂၀

ဂျော်ဒန်နိုင်ငံ၏ အက္ကဘာသင်္ဘောဆိပ်ကမ်းတွင် အမေရိကန်စစ်သင်္ဘောတစ်စင်း ဆိုက်ကပ်ထားစဉ် ထိုသင်္ဘောကို တိုက်ခိုက်ရေးသမားများက သောကြာနေ့တွင် ဒုံးကျည်ဖြင့်ပစ်ခတ်ခဲ့ရာ လွဲချော်သွားပြီး ကုန်လှောင်ရုံတစ်ရုံကို ထိမှန်ခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့များက ပြောကြားသည်။

အဆိုပါ ဒုံးကျည်သည် ယူအက်စ်အက်စ်ကာဆာဂီစစ်သင်္ဘောကို ဖြတ်ကျော်သွားပြီး ကုန်လှောင်ရုံ၏ အမိုးကို ထိမှန်ခဲ့ကြောင်း၊ သင်္ဘောသားများ သို့မဟုတ် ကန်တပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း အမေရိကန် အမှတ် (၅)ရေတပ်ဖွဲ့မှ စစ်ဦးစီးမှူး ဂျက်ဖ်ဘရာစ်လူက ပြောကြားသည်။ ထိုဒုံးကျည်ထိမှန်မှုကြောင့် ကုန်လှောင်ရုံ အနည်းငယ် ပျက်စီးသွားသော်လည်း ဒဏ်ရာရရှိမှုမရှိဟု ဂျော်ဒန် ပြည်ထဲရေးဝန်ကြီး အာနီရာဖက်စ်က ပြောကြားသည်

ဒုံးကျည် ပေါက်ကွဲရခြင်း၏ အကြောင်းရင်းကို လုံခြုံရေးတပ်ဖွဲ့များ ဆက်လက်စုံစမ်းဆဲဖြစ်သည်။

အဆိုပါ ဆိပ်ကမ်းသည် အထွေထွေ ကုန်ပစ္စည်းများ သယ်ဆောင်လာသော သင်္ဘောနှင့် အမေရိကန်တပ်ဖွဲ့ သင်္ဘောနှစ်စင်းအပါအဝင် ဧည့်သည်တော်များ ဆိုက်ကပ်ရာ ဆိပ်ကမ်းလည်းဖြစ်သည်။

အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များ အတွက် စစ်ပစ္စည်းများ ထောက်ပံ့ပေးရာနေရာလည်းဖြစ်သည်။

အက္ကဘာဆိပ်ကမ်းကို ဒုံးကျည်ကျရောက်မှုပေါ်ပေါက်ခဲ့ပြီးနောက် အမေရိကန် စစ်သင်္ဘောများ ဆိပ်ကမ်းမှ ထွက်ခွာသွားကြောင်း ရာဖက်စ်ကပြောကြားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***



ဂျော်ဒန်နိုင်ငံ အက္ကဘာပင်လယ်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော အမေရိကန်စစ်သင်္ဘော ဒုံးကျည်ဖြင့် ပစ်ခတ်ခံရသည့် ဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် ယင်းဆိပ်ကမ်းမှ ထွက်ခွာသွားသည်ကို ဩဂုတ် ၁၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆေးလိပ်ငွေ့ကြောင့် အမေရိကန်တွင် နှစ်စဉ် ဒေါ်လာ ၁၀ ဘီလီယံကုန်ကျ

နယူးယောက် ဩဂုတ် ၂၀

အမေရိကန်ပြည်ထောင်စုတွင် ဆေးလိပ်သောက်သူများထံမှရသော တစ်ဆင့်ခံဆေးလိပ်ငွေ့ဒဏ်၏ အကျိုးဆက်အဖြစ် နှစ်စဉ်အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံနီးပါး ကုန်ကျနေရကြောင်း ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်သည့် လေ့လာ ဆန်းစစ်ချက်တစ်ရပ်အရ သိရသည်။

နှလုံးရောဂါ၊ နာတာရှည်အဆုတ်နာရောဂါ၊ အဆုတ်ကင်ဆာရောဂါ၊ ပန်းနာရင်ကျပ်ရောဂါနှင့် အခြားသော နာမကျန်းဖြစ်မှုများအတွက် ဆေးဝါး ကုသမှုများနှင့် ဆက်နွှယ်နေသည့် ကုန်ကျစရိတ်များအပါအဝင် တစ်ဆင့်ခံဆေးလိပ်ငွေ့ ဒဏ်ကြောင့်ဖြစ်ပေါ်လာသော တိုက်ရိုက်ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၈ ဘီလီယံ ရှိကြောင်း အာမခံလုပ်ငန်းမှ ကျွမ်းကျင်သူ များအဖွဲ့က ပြောကြားသည်။

ဆုံးရှုံးသွားသည့် လုပ်အားခများ၊ လျော့နည်းသွားသည့် ဝန်ဆောင်မှုများနှင့် မသန်မစွမ်းဖြစ်မှုများနှင့် ဆက်စပ်ဆက်နွှယ်နေသည့် ကုန်ကျစရိတ်များမှ ဖြစ်ပေါ်လာသည့် သွယ်ဝိုက်ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၈ ဘီလီယံ ရှိကြောင်း လေ့လာဆန်းစစ်ချက်တွင် အသေးစိတ်ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

အိန္ဒိယမြောက်ပိုင်းတွင်ဦးနှောက်ရောင်ရောဂါဖြစ်ပွား

လပ်ခနောင်း(အိန္ဒိယ) ဩဂုတ် ၂၁

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ်တွင် ဦးနှောက်ရောင်ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူဦးရေမှာ စနေနေ့အထိ ၁၁၀ဦးအထိ ရောက်ရှိသွားပြီဖြစ်ကြောင်း၊ လွန်ခဲ့သည့် ၃၆နာရီအတွင်း ယင်းရောဂါကြောင့် လူပေါင်း ၂၀ကျော်သေဆုံးခဲ့ရကြောင်း ကျန်းမာရေး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဦးနှောက်ရောင်ရောဂါကြောင့် သေဆုံးရသူအများစုမှာ ကလေးသူငယ်များဖြစ်ကြပြီး ယင်းရောဂါဖြင့် ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသူဦးရေမှာ ၁၇၀ ဦးထက်မနည်းရှိကြောင်း၊ လူနာအများအပြားမှာ စိုးရိမ်ရသည့် အခြေအနေတွင် ရှိကြောင်း ကျန်းမာရေးတာဝန်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင်ဖြစ်ပေါ်နေသော ဗုံးဖောက်ခွဲတိုက်ခိုက်မှုများအတွက် တာဝန်မကင်းကြောင်း အမေရိကန်စွပ်စွဲချက်ကို အီရန်ပယ်ချ

တီဟီရန် ဩဂုတ် ၂၀

အီရတ်တွင်ဖြစ်ပေါ်နေသော ဗုံးဖောက်ခွဲတိုက်ခိုက်မှုများသည် အီရန်နိုင်ငံနှင့် ဆက်စပ်မှုရှိသည်ဆိုသော အမေရိကန်တို့၏ စွပ်စွဲချက်များမှာ မှန်ကန်မှုမရှိကြောင်း၊ အမှန်စင်စစ် ထိုကိစ္စများမှာ အမေရိကန်တို့၏ တာဝန်မကင်းမှုကြောင့်သာ ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း အီရန်နိုင်ငံ၏ခေါင်းဆောင် အယာတိုလာအလီခါမေနီက ဩဂုတ် ၁၉ ရက်တွင် ပြန်လည်ဝေဖန်ပြောကြားခဲ့သည်။

မိမိတို့နိုင်ငံသည် အီရတ်အစိုးရကို ထောက်ခံကြောင်း၊ အီရတ်တွင် လုံခြုံမှုကင်းမဲ့နေပြီး နေ့စဉ်သတ်ဖြတ်မှုများ ဖြစ်ပွားနေသည့်အတွက် မိမိတို့နိုင်ငံက စိတ်မသက်မသာ ဖြစ်နေရကြောင်း၊ လက်ရှိ အခြေအနေတွင် အီရတ်ရှိ အမေရိကန် သေနတ်သမားများသည် ရာဇဝတ်ကောင်များ ဖြစ်သကဲ့သို့ပင် ဗုံးဖောက်ခွဲရေး သမားများမှာလည်း အလားတူပင် အပြစ်ရှိကြောင်း ခါမေနီက တီဟီရန်တက္ကသိုလ်တွင် မိန့်ကြားရာ၌ ထည့်သွင်းပြောကြားသွားသည်။

အီရတ်နိုင်ငံတွင် ဖမ်းဆီးရမိသော လက်နက်များတွင် အီရန်နိုင်ငံ၌ ပြုလုပ်သောလက်နက်များ ပါဝင်နေသည့် အထောက်အထားများကို တစ်ကြိမ်မက တွေ့မြင်နေရကြောင်း၊ အီရန်သည် အီရတ်တွင် ဖြစ်ပေါ်နေသော မငြိမ်မသက်မှုများနောက်ကွယ်တွင် ပါဝင်ပတ်သက်နေကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်က ဩဂုတ် ၁၆ ရက်တွင် စွပ်စွဲပြောကြားခဲ့သည်။

ကျွန်ုပ်တို့အနေဖြင့် ပြောရမည်ဆိုလျှင် အီရတ်ဗုံးခွဲမှုများကို အကြောင်းပြု၍ အမေရိကန်တို့သည် ထိုနိုင်ငံတွင် ဆက်လက် တပ်စွဲထားနိုင်ရေးအတွက် အကြောင်းပြနေခြင်းသာ ဖြစ်သည်ကို ရှုမြင်နေရသည်ဟု ခါမေနီက ထည့်သွင်း ပြောကြားခဲ့သည်။

အီရတ်တွင်ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်၏ အဓိကလက်သည်မှာ အမေရိကန်တို့သာ ဖြစ်သည်။ အီရတ်တွင် ဖြစ်ပျက်နေသည့်ကိစ္စများသည် အမေရိကန်တို့၏ ဒေါက်ထောက်ကြည့်နေသော မျက်လုံးများအောက်တွင်သာ ဖြစ်ပေါ်နေသည်။ ထိုနိုင်ငံအနှံ့တွင် အမေရိကန်တပ်ဖွဲ့ပေါင်း ထောင်နှင့်သောင်းနှင့်ချီ၍ ရှိနေပါလျက်၊ နှိမ်နင်းလိုလျှင် နှိမ်နင်းနိုင်သည့်အင်အား ရှိနေသည့်အကြားမှ ပြဿနာများ တက်နေရခြင်းဖြစ်သည်။ ထို့အပြင် အီရတ်တွင်ရှိနေသော အမေရိကန် ထောက်လှမ်းရေး သူလျှိုအဖွဲ့အစည်းများသည်လည်း ထောက်ပြစရာပြဿနာတစ်ရပ်ဖြစ်လျက်ရှိသည်ဟု ခါမေနီက အီရတ်ရှိ အမေရိကန်တို့နှင့် ပတ်သက်နေသည့် အခြေအနေကို ရှည်လျားစွာ ပြောကြားသွားသည်။ ***အင်တာနက်။***

ရိုမေးနီးယားတွင် ရေလွှမ်းမိုး၊ သေဆုံးသူ ကိုးဦးအထိ တိုးလာ

ဘူခါရက် ဩဂုတ် ၂၀

ရိုမေးနီးယားနိုင်ငံတွင် ရေလွှမ်းမိုးမှု လွန်ခဲ့သောသုံးရက်အချိန်ကတည်းက ဖြစ်ပွားခဲ့ရာ ထိုအဖြစ်ကြောင့် သေဆုံးရသူဦးရေမှာ ယခုအခါ ကိုးဦးအထိရှိလာပြီးဖြစ်ကြောင်း ပြည်ထဲရေးဌာနက ဩဂုတ် ၁၉ ရက်တွင် ပြောကြားသည်။

ထိုအဖြစ်အပျက်ကြောင့် နေအိမ်အချို့မှာ စိုးရိမ်ရသော အခြေအနေရှိသည့်အတွက် လူ ၁၁၀၀ ကျော်တို့မှာ နေအိမ်များကို စွန့်ခွာကာ ဒုက္ခသည်များအဖြစ် ပြောင်းရွှေ့ကြရသည်။

ရိုမေးနီးယား တောင်ပိုင်းတွင် မိုးသည်းထန်သည့်အတွက် ဓာတ်တိုင်များ ရေစီးကြောင့် ပြိုလဲကျခဲ့ရာ ဓာတ်တိုင်ပိခံရသဖြင့် ကျေးရွာမှ သက်ကြီးရွယ်အိုတစ်ဦး သေဆုံးသွားရသည်။ နိုင်ငံ၏မြောက်ပိုင်း ဘိုတိုဆာနီဒေသ၌လည်း လျှံတက်လာသော မြစ်ရေများအတွင်း မျောပါသွားသဖြင့် ကိုးနှစ်အရွယ် သမီးငယ်လေးတစ်ဦး သေဆုံးသွားရကြောင်း သိရသည်။

နိုင်ငံတောင်ပိုင်း၌လည်း ရေကြီးမှုကြောင့် လူသုံးဦး ရေနစ်သေဆုံးရပြီး မိုးကြိုးထိသည့်အတွက်လူလေးဦးအသက်သေဆုံးရပြန်သည်။ ရေကြီးမှုများအတွင်း အိမ်ခြေ ၁၄၀ ကျော် ပြိုပျက်ခဲ့ရပြီး အခြားနေအိမ်အဆောက် အအုံ ၄၀၀၀ ခန့်မှာလည်းထိခိုက်ခဲ့ရကြောင်း ရိုမေးနီးယားပြည်ထဲရေးဝန်ကြီး ဗာဆီးလီဗလာဂါက ပြောကြားသည်။

ပြိုကျသွားသော အဆောက်အအုံများမှ ဒုက္ခသည် ၁၀၀၀ ကျော်တို့ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ လယ်ယာမြေဧက ၅၂၃၉၀ မှာ ရေလွှမ်းခံရပြီး ကျေးရွာပေါင်း ၃၂၁ ရွာမှာ လျှပ်စစ်ဓာတ်အားများ ပြတ်တောက်သွားသည်ဟု သတင်းများက ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘိန်းဖြူ ၂၆၅ ကီလို တူရကီရဲတပ်ဖွဲ့ ဖမ်းမိ

အစ္စတန်ဘူ ဩဂုတ် ၂၀

အစ္စတန်ဘူမြို့တွင် မူးယစ်ဆေးဝါးမှောင်ခိုမှု နှိမ်နင်းရန်အတွက် စစ်ဆင်ရေးသုံးခုခွဲ၍ ဆောင်ရွက်ခဲ့ရာ ဘိန်းဖြူ ၂၆၅ ကီလို၊ ဆေးခြောက် ၁၅ ကီလိုနှင့် ဆေးပြား ၁၇၉၀၀၀ တို့ကို တူရကီရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့သည်ဟု အနာတိုလီရာသတင်းစာက အင်္ဂါနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသောပစ္စည်းများနှင့် ဆက်စပ်နေသော နိုင်ငံသားသုံးဦး အပါအဝင် ၁၅ဦးကို ဖမ်းဆီးမိခဲ့ကြောင်း အစ္စတန်ဘူမြို့ ဆီလာလီတင်ဆီရက် ပြောကြားချက်ကို ကိုးကား၍ ဖော်ပြထားသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ထပ်မံသတင်းမရရှိခဲ့ပေ။ ဖမ်းဆီးရမိသော ဘိန်းဖြူသည် အလေးချိန်အားဖြင့် ၂၆၅ ကီလိုရှိပြီး အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ တန်ဖိုးရှိသည်။ အာရှနှင့် အရှေ့အလယ်ပိုင်းမှလာသော မူးယစ်ဆေးဝါးများကို အစ္စတန်ဘူမှတစ်ဆင့် ဘော်လ်ကန်သို့ ဖြတ်သန်း၍ ဥရောပအနောက်ဘက် ဈေးကွက်သို့ ပို့ဆောင်သည်။ တူရကီနိုင်ငံသည် မူးယစ်မှောင်ခို သယ်ဆောင်ရေးတွင် အဓိကဖြတ်သန်းရာ နေရာဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်မြောက်ပိုင်းတွင်မြို့ကောင်စီဝင်တစ်ဦး အသတ်ခံရ

ဘဂ္ဂဒက် ဩဂုတ် ၂၀

အီရတ်နိုင်ငံ၏မြောက်ပိုင်း ရေနံမြို့တော် ကယ်ကွတ်အနီးရှိ မြို့တစ်မြို့တွင် ကောင်စီဝင်တစ်ဦးကို သေနတ်သမားများက ဩဂုတ် ၁၉ ရက်တွင် ပစ်သတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံးသွားသူ အာစွပ်အိုမာနာရက်ဖ်သည် ကယ်ကွတ်မြို့၏ အနောက်ဘက် ကီလိုမီတာ ၆၀အကွာရှိ ဟာဂါဂျီမြို့၏ မြို့နယ်ကောင်စီဝင်တစ်ဦးဖြစ်သည်။ ၎င်းကိုပစ်ခတ်သွားသူ သေနတ်သမားများကို သိရှိရခြင်းမရှိသေးပေ။

ဘဂ္ဂဒက်မြို့၏မြောက်ဘက် ကီလိုမီတာ ၂၅၀အကွာရှိ ကယ်ကွတ်မြို့ဝန်းကျင်ဒေသတစ်ဝိုက်သည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များကို ဆန့်ကျင်တိုက်ခိုက်မှုများရာ ဒေသတစ်ခုဖြစ်သည်။***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ အယ်လ်နာဒါးကားဂိတ်တွင် ကားဗုံးပေါက်ကွဲပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသော အီရတ်တပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ် ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်မှု စုံစမ်းရေးကော်မရှင် အထောက်အထားများဖြင့် ဖော်ထုတ်သုံးသပ်နိုင်ခြင်းမရှိဟုဆို

ဝါရှင်တန် ဩဂုတ် ၂၀

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်နေသော ထောက်လှမ်းရေး လုပ်ငန်းမှားယွင်းမှုများကို စုံစမ်းစစ်ဆေးရေးကော်မရှင်က အထောက်အထားများဖြင့် အပြည့်အဝ ဖော်ထုတ်သုံးသပ်နိုင်ခြင်း မရှိကြောင်း အမေရိကန်စစ်ထောက်လှမ်းရေး အရာရှိတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ဝေဖန်ပြောကြားလိုက်သည်။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ရပ် မပေါ်ပေါက်မီတွင် အမေရိကန်နိုင်ငံအတွင်း အကြမ်းဖက်သမားများ လှုပ်ရှားနေခြင်းနှင့် ပတ်သက်၍ အမေရိကန်ကြည်းတပ်ထောက်လှမ်းက သိရှိခဲ့သည်ဆိုသော ပြောကြားချက်များအတွက် စာလွှာစာတမ်း အထောက်အထားများကို စုံစမ်းစစ်ဆေးရေး ကော်မရှင်က ဖော်ထုတ်သုံးသပ်နိုင်ခြင်း မရှိကြောင်း အမေရိကန်စီဘီအက်စ် ရုပ်မြင်သံကြားဌာန၏ လူတွေ့မေးမြန်းခန်း တစ်ရပ်တွင် ဒုတိယ ဗိုလ်မှူးကြီး အန်ထော်နီရှက်ဖာက ပြောကြားသည်။

သက်ဒ်မကင်း

အမေရိကန်ကြည်းတပ်ထောက်လှမ်းရေး ယူနစ်သည် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက် တိုက်ခိုက်မှုများတွင် ပါဝင်လှုပ်ရှားသည့် အကြမ်းဖက်သမားလေးဦးကို ၂၀၀၀ ပြည့်နှစ် နှစ်လယ်ကပင်လျှင် သက်ဒ်မကင်းဖြစ်ခဲ့ကြောင်း ရှက်ဖာက ပြောကြားသည်။ ၎င်းသည် ကြည်းတပ်ထောက်လှမ်းရေး ယူနစ်၏ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သည်။

သို့ရာတွင် ကြည်းတပ်ထောက်လှမ်းရေး ယူနစ်သည် ၎င်းရရှိထားသော ထောက်လှမ်းရေး သတင်းအချက်အလက်နှင့်ပတ်သက်၍ ပြည်ထောင်စုစုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်) နှင့် သတင်းအချက်အလက် ဖလှယ်ခြင်း မပြုလုပ်ရန် စစ်ဘက်ဆိုင်ရာ ရှေ့နေများက တားမြစ်ပိတ်ပင်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

မပြုလုပ်နိုင်

အကြမ်းဖက် သမားများအဖြစ် သက်ဒ်မကင်းခံရသူ လေးဦးသည် အမေရိကန်သို့ တရားဝင်ရွှေ့ပြောင်းနေထိုင်ခဲ့သူများအဖြစ် ရှိနေခြင်းကြောင့် ၎င်းတို့နှင့်ပတ်သက်နေသော သတင်းအချက်အလက်များကို အက်ဖ်ဘီအိုင်ကဲ့သို့သော တရားဥပဒေစိုးမိုးရေး အေဂျင်စီများနှင့် သတင်းအချက်အလက် ဖလှယ်မှုပြုလုပ်နိုင်ခြင်း မရှိကြောင်း ရှက်ဖာက ပြောကြားသည်။

ပေးအပ်

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ပြီးနောက် မိမိတို့၏ ထောက်လှမ်းရေး ယူနစ်က ရရှိခဲ့သော သတင်းအချက်အလက်ကို စုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့ဝင်များထံ ပေးအပ်ခဲ့ကြောင်း၊ သို့ရာတွင် လွန်ခဲ့သည့်နှစ်က ထုတ်ပြန်ခဲ့သော စုံစမ်းရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာတွင် မိမိတို့ ထောက်ပံ့ပေးခဲ့သော သတင်းအချက်အလက်နှင့် ပတ်သက်၍ ဖော်ပြခဲ့ခြင်း မရှိကြောင်း ရှက်ဖာက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ မြို့တော်ပေကျင်းရှိ ကုန်တိုက်ကြီးတစ်ခုအတွင်းမှ စာနယ်ဇင်း အရောင်းဆိုင်တစ်ဆိုင်ကို ဩဂုတ် ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နယ်သာလန်တွင် ကြက်ငှက်တုပ်ကွေး မပြန့်ပွားရန် စီမံ မွေးမြူရေးကြက်ငှက်များကို လွှတ်ကျောင်းစနစ် မသုံးရန်တားမြစ်

အမ်စတာဒမ် ဩဂုတ် ၂၀

ရာသီအလိုက် ဒေသရွှေ့ပြောင်းပျံသန်းလာသည့် ဆောင်းခိုငှက်များမှတစ်ဆင့် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရမည့် အန္တရာယ်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် နယ်သာလန်နိုင်ငံတွင် မွေးမြူထားသောကြက်ငှက်အားလုံးကို ဩဂုတ် ၂၂ ရက်မှစ၍ လွှတ်ကျောင်းခြင်း မပြုလုပ်ဘဲ အမိုးအကာရှိသော မွေးမြူရေးခြံများအတွင်း၌သာ ထားကြရန် ဒတ်ချ်စိုက်ပျိုးရေးဝန်ကြီးဌာနက သောကြာနေ့တွင် ညွှန်ကြားလိုက်သည်။

ဖော်ပြပါ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် မွေးမြူရေးသမားများကို ကြက်ခြံ၊ ငှက်ခြံများကိုလည်း ဆောက်လုပ်ခွင့်ပြုထားကြောင်း သိရသည်။ ထိုနိုင်ငံသည် ကမ္ဘာပေါ်တွင် အသားအများဆုံးတင်ပို့သောနိုင်ငံများစာရင်းတွင်ပါဝင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မွေးမြူရေး ကြက်ငှက်ကောင်ရေ ၁၅၀ သန်းမျှရှိသည့်အနက် အချို့ကို လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူခွင့်ပြုထားကြောင်း သိရသည်။

စီစဉ်

အအေးပိုင်းကာလရောက်လာသော အခါ ဆောင်းခိုငှက်များသည် ရာသီဥတုအေးလွန်သော ဥရောပဒေသမှ ပူနွေးသော ဥရောပဒေသများတွင် လာရောက်ခိုလှုံတတ်သည်။ ထိုဆောင်းခိုငှက်များနှင့်အတူ ပါလာနိုင်သော ကြက်ငှက်တုပ်ကွေးရောဂါပိုး နယ်သာလန်မွေးမြူရေးလုပ်ငန်းများဆီသို့ ကူးစက်ခြင်း မရှိစေရန် ဒတ်ချ်စိုက်ပျိုးရေးဝန်ကြီးဌာနက ယခုကဲ့သို့ စီစဉ်ရခြင်းဖြစ်သည်ဟု ဆိုသည်။

ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ရာ၌ ထိရောက်မှု ရှိစေရေးအတွက် လိုအပ်သော အကြံဉာဏ်များပေးနိုင်ရန် ဗိုင်းရပ်ရောဂါကျွမ်းကျင်သူများနှင့် တိရစ္ဆာန်ရောဂါကုပညာရှင်များ ပါဝင်သော အတိုင်ပင်ခံ ကော်မရှင်အဖွဲ့တစ်ခုကိုလည်း ဖွဲ့စည်းထားကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ကွမ်တပ်စ်လေကြောင်းလိုင်းပိုင်လေယာဉ် အိုဆာကာတွင် အရေးပေါ်ဆင်းရ

တိုကျို ဩဂုတ် ၂၁

လေယာဉ်ပေါ်၌ဖြစ်ပေါ်သောမှားယွင်းသည့် မီးလောင်မှု အချက်ပြကြောင့် ကွမ်တပ်စ်လေကြောင်းလိုင်းမှ ဂျက်လေယာဉ်သည် ယနေ့ နံနက်စောစောပိုင်းက ဂျပန်နိုင်ငံလေဆိပ်တွင် အရေးပေါ်ဆင်းသက်ခဲ့ရသည်ဟု လေကြောင်းလိုင်းမှ တာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့မှလာသော သတင်းများကဆိုသည်။

တိုကျိုလေဆိပ်မှ ဩစတြေးလျနိုင်ငံပတ်သ်မြို့သို့ ထွက်ခွာလာသော ကွမ်တပ်စ်အဲယားဘတ်စ် အေ-၃၃၀ အမျိုးအစားလေယာဉ်သည် အရေးပေါ်အခြေအနေကြောင့် ယနေ့ နံနက် ၁ နာရီအချိန်တွင် ဂျပန်နိုင်ငံအလယ်ပိုင်း အိုဆာကာမြို့ကန်စိုင်းလေယာဉ်ကွင်းတွင် ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။ ထိုလေယာဉ်ပေါ်တွင် ခရီးသည်ပေါင်း ၁၇၈ ဦးနှင့် လေယာဉ်အဖွဲ့သား ၁၃ ဦးတို့ လိုက်ပါလာသည်။

လေယာဉ်ပေါ်တွင် မီးခိုးများတွေ့ရသည်ဆိုသည့်အတွက် အရေးပေါ် ဆင်းသက်နိုင်ရန် မီးသတ်များ၊ သူနာပြုယာဉ်များစသည့် အစီအမံများကို ချက်ချင်းပြင်ဆင်ပြီး လေယာဉ်ကို ဆင်းသက်စေခဲ့ကြောင်း ကွမ်တပ်စ်လေကြောင်းလိုင်းမှ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့တွင် မြေငလျင်လှုပ်မှုကြောင့် ပြိုကျပျက်စီးသွားသည့် အဆောက်အအုံတစ်ခုကို ဩဂုတ် ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရဝမ်ဒါနှင့် ဗြိတိသျှကုမ္ပဏီများ စွမ်းအင်လုပ်ငန်းသဘောတူညီမှုရရှိ

ကီဂါလီ ဩဂုတ် ၁၉

ရဝမ်ဒါနိုင်ငံနှင့် ဗြိတိန်နိုင်ငံ အခြေစိုက်ကုမ္ပဏီများဖြစ်ကြသော အဒရီကိုနှင့် ဒါလ်ဘတ်တို့သည် နှစ်နှစ်ကြာ ဆောင်ရွက်မည့် အမေရိကန်ဒေါ်လာ ၁၈ သန်းတန်ဖိုးရှိ စွမ်းအင်လုပ်ငန်း သဘောတူညီမှုတစ်ရပ်ကို ဗုဒ္ဓဟူးနေ့တွင် လက်မှတ်ရေးထိုးလိုက်ကြသည်။

ဆောင်ရွက်ပေးခဲ့

မိမိတို့သည် လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးရေးလုပ်ငန်းတွင် အတွေ့အကြုံရှိပြီးဖြစ်ကြောင်း၊ အာရှ၊ အရှေ့အလယ်ပိုင်းနှင့် ယူဂန္ဒာနှင့် အင်ဂိုလာနိုင်ငံတို့ကဲ့သို့သော အာဖရိကနိုင်ငံများတွင် အလားတူလုပ်ငန်းမျိုးကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း အဒရီကိုကုမ္ပဏီမှ ကူးသန်းရောင်းဝယ်ရေးမန်နေဂျာ အင်ဒီမာလ်ကွန်က သတင်းထောက်များအား ပြောကြားသည်။

မြှင့်တင်

ယင်းသဘောတူညီချက်အရ ရဝမ်ဒါနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးသည့်လုပ်ငန်းကို မြှင့်တင်ရန် လျှပ်စစ်ဓာတ်အား ၁၀ မဂ္ဂါဝပ် အပိုထပ်ဆောင်းပေးမည်ဖြစ်ကြောင်း ရဝမ်ဒါနိုင်ငံ ဗဟိုအစိုးရ ဝန်ကြီးတစ်ဦးဖြစ်သူ အဲလ်ဘတ်ဘူတာရီက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရားမဝင်လျှပ်စစ်ပစ္စည်းများ ဟောင်ကောင်၌ သိမ်းဆည်း

ဟောင်ကောင် ဩဂုတ် ၂၀

ဟောင်ကောင်တွင်မှောင်ခိုတိုက်ဖျက်ရေးဆောင်ရွက်ချက်ဖြင့် ကြာသပတေးနေ့ နံနက်တွင် ဟောင်ကောင်ဒေါ်လာ ၂ ဒသမ ၈၈ သန်း(အမေရိကန်ဒေါ်လာ ၃၇၀၀၀၀)ရှိ တရားမဝင်လျှပ်စစ် ပစ္စည်းများကို လိုစ်မာချာအကောက်ခွန်ဂိတ်တွင် ဖမ်းမိခဲ့ကြောင်း အကောက်ခွန်ဌာန ပြောကြားချက်ကို သတင်းတစ်ရပ်တွင် ရေးသားဖော်ပြခဲ့သည်။

ကားတစ်စီးအတွင်းမှ ကုန်အမှတ်တံဆိပ်အတုဖြင့် ကွန်ပျူတာဟာက်ဒက်စ် ၃၀၀၊ မိုဘိုင်းဖုန်း အပိုပစ္စည်း ၃၂၀၇ နှင့် ရမ် ၂၈၀၀၊ ဟောင်ကောင်ဒေါ်လာ ၂ ဒသမ ၈၈ သန်းတန်ဖိုးရှိသော အဆိုပါ ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဌာနက ပြောကြားခဲ့သည်။

အသက် (၄၄)နှစ်ရှိ အမျိုးသားယာဉ်မောင်းတစ်ဦးနှင့် အသက် (၂၄)နှစ်နှင့် (၃၈)နှစ်ရှိ အမျိုးသားနှစ်ဦးတို့ကိုလည်း ထပ်မံစစ်ဆေးမှုများ ပြုလုပ်ရန်အတွက် ဖမ်းဆီးထားကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာ့ရေအိုင်များ ညီလာခံကျင်းပမည်

နိုင်ရိုဘီ ဩဂုတ် ၂၀

ရေအိုင်များထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ နိုင်ငံတကာညီလာခံတစ်ရပ်ကို ကင်ညာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ယခုနှစ် အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားသည်။

(၁၁)ကြိမ်မြောက် ကမ္ဘာ့ရေအိုင်များ ညီလာခံကို အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှ ကိုယ်စားလှယ်ပေါင်း ၁၅၀၀ ကျော် တက်ရောက်မည်ဖြစ်ကြောင်း ကင်ညာနိုင်ငံရေးနှင့်ဆည်မြောင်းဝန်ကြီးမာသာကာရူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

လက်လုပ်ဗုံးပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွား

ဒါကာ ဩဂုတ် ၂၀

ပြီးခဲ့သော သီတင်းပတ်က ဘင်္ဂလားဒေ့ရှ်တွင် ဖြစ်ပွားသည့် ပေါက်ကွဲမှုတသီကြီးနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က ဒါဇင်ပေါင်းများစွာသော မသင်္ကာသူများကို စစ်ဆေးနေစဉ် ဩဂုတ် ၁၉ ရက်က နောက်ထပ်ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သဖြင့် လူနှစ်ဦးသေဆုံးသွားရကြောင်း ရဲတပ်ဖွဲ့မှလာသော သတင်းများကဆိုသည်။

အခင်းဖြစ်ပွားသော နေရာမှာ ဒါကာမြို့မှ ၂၀၆ မိုင် ကွာဝေးသော အနောက်မဏီပူခရိုင်တွင် ဖြစ်သည်။ သေဆုံးသွားရသူနှစ်ဦးမှာ လက်လုပ်ဗုံးများကို ပြုလုပ်နေစဉ် မတော်တဆ ဗုံးများ ထကွဲသဖြင့် ယခုအဖြစ်အပျက်ပေါ်ပေါက် လာခြင်းဖြစ်သည်ဟု ယူဆရသည်။

ထိုလူနှစ်ဦးသည် အိမ်တစ်လုံး၏ ခေါင်မိုးပေါ်တွင် ဗုံးများကို ပြုလုပ်နေကြခြင်းဖြစ်သည်။ သေဆုံးသူများမှာ မည်သူမည်ဝါဖြစ်သည်ကို သိရှိနိုင်ရန် စုံစမ်းနေဆဲဖြစ်ကြောင်း ရဲများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အစ်မကြီးတော့ အမိအရာ

ခင်ဆွေမြင့်(မြန်မာစာ)

ကျွန်မတို့ မြန်မာဘာသာစကားသည် ဝေါဟာရအလွန်ကြွယ်ဝပါသည်။ အဓိပ္ပာယ်အမျိုးမျိုးကို စကားလုံးအမျိုးမျိုးနှင့် ပြောတတ်ကြပါသည်။ "ကြိုက်သည်၊ ချစ်သည်၊ ကြည်နူးသည်၊ နှစ်သက်သည်၊ ကျေနပ်သည်၊ သဘောကျသည်၊ ဘဝင်ကျသည်၊ ဘဝင်ငြိမ့်သည်"စသော စကားစုများသည် မြန်မာဘာသာစကား၏ စကားပရိယာယ်ကြွယ်ဝမှုကို သက်သေပြုနိုင်ပါသည်။ စကားလုံးဝေါဟာရကြွယ်ဝရုံ၊ စကားပရိယာယ် ကြွယ်ဝရုံမျှမက ဆိုရိုးစကားများနှင့် စကားပုံများလည်း အလွန်ကြွယ်ဝသော ဘာသာစကားဖြစ်ပါသည်။ မြန်မာစာအဖွဲ့က ထုတ်ဝေသော **"မြန်မာစကားပုံ"**နှင့်**"မြန်မာ့ဆိုရိုးစကား"** စာအုပ်နှစ်အုပ်တွင်ပင် စကားပုံပေါင်း ၈၇၀ နှင့် ဆိုရိုးစကား ၁၀၁၀ တို့ကို စုစည်းတင်ပြထားသည်ကိုတွေ့ရှိရပါသည်။ ကွင်းကျန်နေသည်များ၊ အသစ်ပွားလာသည်များလည်း ရှိနိုင်ပါဦးမည်။

စကားပုံများနှင့် ဆိုရိုးစကားများ၏ ထူးခြားသော သဘာဝမှာ သက်ဆိုင်ရာလူမျိုး၏ စိတ်ဓာတ်နှင့် အမူအကျင့်ကို ဖော်ကျူးနေခြင်းပင် ဖြစ်သည်။

ကျွန်မတို့ မြန်မာများသည် ခင်မင်တတ်သည်၊ ကူညီတတ်သည်၊ သည်းခံတတ်သည်၊ ခွင့်လွှတ်လွယ်သည်၊ သဘောထားကြီးသည်ကို ဂုဏ်ယူသည်။ ကလဲ့စားမချေတတ်သူများလည်းဖြစ်သည်။

မြန်မာစာပါမောက္ခ ဆရာမကြီးဒေါ်ပို ဂျပန်နိုင်ငံသို့ ရောက်ရှိခဲ့စဉ်က မြန်မာကို "ဘယ်လိုလူမျိုးလဲ" ဟု မေးကြသောအခါ ဆရာမကြီးက **"မြန်မာဆိုတာ အလွန်စာနာတတ်သော လူမျိုးဖြစ်သည်"**ဟု ဖြေခဲ့ကြောင်း ပြောကြားဖူးပါသည်။

"မြိန်ရာဟင်းကောင်း၊ ခင်ရာဆွေမျိုး"၊ **"ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့"**၊ **"သည်းခံရင်နိဗ္ဗာန်ရောက်"**၊ **"ပွဲမင်းလည်းငွေမှား၊ ဆေးသမားလည်းသားသေ"**၊ **"မမှားသောရှေ့နေ၊ မသေသောဆေးသမား"**အစရှိသော စကားပုံများ၊ ဆိုရိုးများသည် မြန်မာတို့၏ ခွင့်လွှတ်စာနာတတ်သော စိတ်ဓာတ်များကို ဖော်ပြနေကြပါသည်။

ဆိုရိုးစကားများစွာအနက်မှ **"အစ်မကြီးတော့အမိအရာ" "အစ်ကိုကြီးတော့အဖအရာ"**ဟူသော ဆိုရိုးစကားသည် မြန်မာတို့၏ နွေးထွေးသော မိသားစုဆက်ဆံရေး၊ သိမ်မွေ့သော မိသားစုစိတ်ဓာတ်များကို ဖော်ပြနေပါသည်။ မိသားစုဝင်အချင်းချင်း ရိုင်းပင်းမှု၊ တာဝန်ယူတတ်မှု၊ အထက်နှင့်အောက် အကြီးနှင့်အငယ် အပြန်အလှန် ချစ်ခင်မှု၊ လေးစားကြင်နာမှုများကိုလည်း ဖော်ပြနေပါသည်။

ကျွန်မတို့ မြန်မာ့လူမှုဝန်းကျင်တွင် သားသမီးများ၊ မြေးမြစ်များသည် မိမိတို့ဘဝအတွက်ကြိုးစားရင်း အဘိုး၊ အဘွားကိုလည်း စောင့်ရှောက်တတ်ကြသည်။ အဖေ၊ အမေကိုလည်း ကူညီတတ်ကြသည်။ မောင်နှမများကိုလည်း တာဝန်ယူတတ်ကြသည်။ ဒွေးတော်၊ မိကြီး၊ ဦးကြီး၊ ဦးလေးများနှင့်လည်း ရင်းနှီးနွေးထွေးစွာ ဆက်ဆံတတ်ကြသည်။ အပြန်အလှန် ရိုင်းပင်းစောင့်ရှောက်တတ်ကြသည်။

ကျွန်မတို့ မြန်မာလူမျိုးများသည် နွေးထွေးသော မိသားစုဆက်ဆံရေးများ လွှမ်းခြုံနေသည့် နှစ်သိမ့်ကြည်နူးဖွယ်ဝန်းကျင်တွင် အသက်ရှင်ရပ်တည်ကြရသူများဖြစ်ပါသည်။

ကျွန်မအမေသည် မောင်နှမငါးယောက်တွင် အကြီးဆုံးဖြစ်ပါသည်။ မေမေ အသက် (၂၀)တွင် ဘိုးဘိုးဆုံးပါးခဲ့ပါသည်။ နှလုံးရောဂါသည် ဘိုးဘိုးသည် ဖက်ဆစ်တော်လှန်ရေးကာလအတွင်း မော်လမြိုင်တစ်ဖက်ကမ်း ဘီလူးကျွန်းသို့ သွားရောက်ခိုလှုံနေစဉ် သူ့တပည့်တော်လှန်ရေးသမားများကို ဖက်ဆစ်ကင်ပေတိုင်များက ဖမ်းမိသွားပြီဟူသော သတင်းကြားရပြီး နှလုံးထိခိုက်ကာ ရုတ်တရက်ကွယ်လွန်ခဲ့ပါသည်။ စစ်ကာလလည်းဖြစ်၊ အမွေကိစ္စများကြောင့် စီးပွားလည်းပျက်ထား၊ အဖေကလည်းဆုံး၊ မုဆိုးမအမေမေက သားသမီးငါးယောက်နှင့် ကျန်ရစ်သောအခါ မေမေသည် သူ့မိခင် ကျွန်မအဘွားနှင့်အတူ လက်တွဲရုန်းကန်ပြီးလူ့လောကထဲသို့ ခြေစုံပစ်ဝင်ခဲ့ပါသည်။ မွန်အဝယ်တော်ဝန်ကြီး၏မြစ်၊ ကျွန်းတောပိုင်ရှင်ကြီး၏မြေး၊ အထက်တန်းကျောင်းအုပ်ဆရာကြီး၏ သမီးဘဝမှ မိခင်နှင့်အတူ စီးပွားရှာခဲ့ရသည့် ဘဝသို့ရောက်ခဲ့ရပြီး မောင်များကျောင်းတက် စာသင်နိုင်ရန် ကြိုးစားခဲ့ပါသည်။ စီးပွားရေးအတော်အတန် အခြေကျလာသောအခါမှ ဖေဖေနှင့် အိမ်ထောင်ပြုခဲ့ပါသည်။

မေမေသည် အိမ်ထောင်ပင်ကျသော်လည်း မုဆိုးမမိခင်နှင့်အတူပင်နေခဲ့သည်။ မေမေ့ညီမ ကျွန်မ၏ အဒေါ်က စီးပွားရှာတတ်လာသောအခါ အိမ်၏နောက်ပိုင်းကိစ္စအားလုံးကို တာဝန်ယူခဲ့သည်။ မိခင်အကြိုက်၊ ညီမအကြိုက်၊ မောင်များအကြိုက် ဟင်းအမျိုးမျိုးကို မမောနိုင်မပန်းနိုင် ချက်တတ်ပါသည်။

တပ်မတော်သားဖြစ်သွားသော မောင်အကြီးဖြစ်သူ တစ်ခါတစ်ရံ ခွင့်ပြန်လာလျှင် အဘွားက ဟင်းအမယ်အမျိုးမျိုး စဉ်းစားသည်။ မမေမေ အဘွားချက်ခိုင်းတာရော သူချက်တာရော ထမင်းစားပွဲတစ်ခုလုံး ပေါင်းလန်နေအောင် ချက်ကျွေးပါသည်။ အထက်အောက် မောင်နှမဖြစ်၍ မောင်လုပ်သူက သူ့အားပြောချင်ရာ မည်မျှပြောပါစေ၊ သူ့မောင်ကို မမေစိတ်ဆိုးတာ တစ်ခါမျှ ကျွန်မတို့တွေ့ခဲ့ရပါ။ ကျွန်မတို့ညီအစ်မများကသာ ဦးကြီးက အရာရှိကြီးမို့လို့ မမေ့ကို အထင်သေးသည်၊ နှိမ်သည်ဟု ကလေးစိတ်ဖြင့် တွေးတတ်ကြပါသည်။ မမေမေကတော့ **"အစ်မကြီးတော့အမိအရာ သမီးရဲ့"** ဟုကျွန်မတို့ကိုပြောတတ်ပါသည်။

မေမေ့မောင်အလတ်သည် အလွန်ရိုးသားအေးဆေးစွာ နေတတ်သူဖြစ်ပါသည်။ အဲဒီမောင် အိမ်ထောင်ပြုမည် ဆိုသောအခါ မေမေသည် သူကိုယ်တိုင် သတို့သမီးကိုသွားကြည့်၊ ကိုယ်တိုင်တောင်းရမ်းစေ့စပ်၊ ကိုယ်တိုင်မင်္ဂလာဧည့်ခံပွဲလုပ်ပေး၊ အိမ်ထောင်သစ်အတွက် လိုအပ်သည်များ ကိုယ်တိုင်စီစဉ်ဖြင့် ဖတ်သီလန်အောင် လုပ်ပေးခဲ့သည်။ အိမ်ထောင်ကျပြီးသော်လည်း မောင်၏အကြိုက်ကို နေ့စဉ်နေ့တိုင်း သူချက်ကျွေး၍မဆုံး။ တစ်ခါတွင် ဦးလေးက မေမေ့ကိုဘာပြောလိုက်သည် မသိလိုက်ပါ။ မောင်၏စကားတစ်ခွန်းကြောင့် မေမေစိတ်ထိခိုက်ပြီး ချုံးပွဲချငိုပါသည်။ ဦးလေးက စိတ်မကောင်းဖြစ်သွားသော အစ်မကြီးကိုအတင်းဖက်ပြီး အတင်းချော့သည်ကို ကျွန်မ မှတ်မိနေပါသည်။ ကျွန်မကသာ မှတ်မိသည်။ အမေနှင့်တူသော အစ်မကြီးဖြစ်သည့် ကျွန်မ၏ အမေကမူ အဲဒီကတည်းက မောင်ကို ခွင့်လွှတ်ကျေနပ်ခဲ့ဟန် တူပါသည်။ သူလုံးဝမမှတ်မိတော့ဟု ဆိုပါသည်။

မောင်အငယ်ဆုံးကိုတော့ သားလို သူချစ်ခဲ့ပါသည်။ ကျွန်မမှတ်မိသလောက် ဦးလေးငယ် ၉တန်း၊ ၁၀တန်းကျောင်းသားဘဝ ရန်ကုန်တွင် ကျောင်းထားဖို့ ကျောင်းအပ်သောအခါ၊ အလုပ်ရှာသောအခါ၊ တပ်မတော်ထဲဝင်မည်ဆို၍ လိုက်ပို့ပေးသောအခါ စသည်စသည်များတွင် မေမေ အားကြိုးမာန်တက် လိုက်လုပ်ပေးခဲ့ပါသည်။ ဦးလေးငယ်၏ သားသမီးသုံးယောက်ကို အဘွားက ခေါ်ထားသောအခါတွင်လည်း တူ၊ တူမများကို သားသမီးများထက်ပင် ဂရုစိုက်စောင့်ရှောက်ခဲ့ပါသည်။

ကျွန်မအဒေါ်ကိုလည်း တစ်ယောက်တည်းသော ညီမလေးဆိုပြီး အလွန်ချစ်ခဲ့ပါသည်။ ငယ်စဉ်က အစ်မကို နိုင်စားပြီး ညီမဖြစ်သူက ဘာပြောပြော မေမေဘာမျှမဖြစ်သလို၊ ဘာမျှမသိသလို နေတတ်သည်။ ကြီးလာသောအခါတွင်ရော၊ အသက် (၈၀)နားရောက်နေသော မေမေသည် နှစ်ပေါင်း ၂၀နီးပါးမျှ လေဖြတ်ဝေဒနာခံစားနေရသော ညီမထံသို့ မကြာခဏ အတူသွားနေသည်။ အသက် (၇၀)ကျော်ညီမကို သနားသည်။ ကိုယ်တိုင် ထမင်းဟင်းချက်ကျွေးသည်။ အားငယ်မှာစိုး၍ စကား သွားသွားပြောသည်။ စိတ်ဓာတ်မကျအောင် အားပေးသည်။ မေမေ့ကိုကြည့်ပြီး **"အစ်မကြီးတော့ အမိအရာ"**၏ အနှစ်သာရကို ကျွန်မရင်ထဲက သိရှိခံစားမိခဲ့ရပါသည်။

တကယ်တော့ ကျွန်မတို့အမေသည် အစ်မအကြီးဖြစ်၍သာ အမိအရာကိုရခဲ့သူမဟုတ်ပါ။ မိခင်အတွက်လည်း အမိအရာဖြစ်ခဲ့ပါသည်။ ဘိုးဘိုးဆုံးပြီး ၂၁နှစ်အကြာတွင် ဘွားဘွားကွယ်လွန်ခဲ့ပါသည်။ ဘွားဘွား ကင်ဆာရောဂါဖြစ်နေသည်ကို ဘွားဘွားလည်းမသိစေရ၊ မောင်နှမများ၊ ဆွေမျိုးများလည်းမသိစေရ၊ သူတစ်ယောက်တည်းသိသည်ကို ကျိတ်မှိတ်မျိုသိပ်ပြီး မိခင်ကို မျက်နှာအပြုံးတစ်ချက်မပျက်ဘဲ ကိုယ်ဖိရင်ဖိ ပြုစုခဲ့ပါသည်။ ဘွားဘွားက သူဝေဒနာခံစားနေရသည်ကို ဂရုတစိုက် ကြင်ကြင်နာနာပြုစုသောမေမေ့အား "မိအေးမြင့် သမီးက သမီးမဟုတ်ဘူး အမေဖြစ်နေတယ်"ဟု ခဏခဏပြောပြီး ကွယ်လွန်ချိန်အထိ သမီးကြီးကို အမေဟုပဲခေါ်ခဲ့ပါသည်။ မိခင်ကပင် အမေလိုအားကိုးတကြီးချစ်ခဲ့ရသော သမီးကြီးဖြစ်ခဲ့ပါသည်။

ကျွန်မတို့ မောင်နှမခြောက်ယောက်တွင် ကျွန်မအကြီးဆုံးဖြစ်ပါသည်။ ကျွန်မအသက် (၁၀)နှစ်၊ (၁၂)နှစ်အရွယ်တွင် မောင်လေးငယ်နှင့် ညီမလေးအငယ်ဆုံးကို မွေးပါသည်။ ကျွန်မသည် အငယ်လေး နှစ်ယောက်အတွက် နို့ဘူးဖျော်၊ နို့ဘူးဆေး၊ အနှီးလျှော်၊ ကလေးချော့ပေး၊ ကလေး ထိန်း၊ ညကျလျှင် မမေနှင့်တစ်ယောက်အိပ်၊ ကျွန်မနှင့်တစ်ယောက်အိပ် စသည်ဖြင့် မောင်ငယ်၊ ညီမငယ် နှစ်ယောက်၏ ကိစ္စစ္စများကို လုပ်ခဲ့ရပါသည်။

"အစ်မကြီးတော့အမိအရာ"တွေ၊ ဘာတွေ သိ၍ကားမဟုတ်ပါ။ မမေမေကလုပ်ဆိုလို့ လုပ်ခဲ့ခြင်းသာဖြစ်ပါသည်။ ကျွန်မတွင် ဖေဖေလေ့ကျင့် ပေးသောကြောင့် အလုပ်တစ်ခုကို စိတ်ပါလက်ပါဖြင့် ဆုံးအောင်လုပ်တတ်သောအကျင့်၊ အကောင်းဆုံးဖြစ်အောင်ကြိုးစားတတ်သောအကျင့် ရှိနေသောကြောင့်သာ အလုပ်ဖြစ်ခဲ့ခြင်းဖြစ်ပါသည်။

အခုတော့ ဖေဖေနှင့် မေမေလည်း မရှိတော့ပါပြီ။ အစ်မကြီးဖြစ်သော ကျွန်မသည် ကျွန်မတို့မြန်မာများ၏ လူမှုထုံးတမ်းနှင့် ညီသော ဆိုရိုးစကားအရ အမေနေရာသို့ ရောက်လာခဲ့ပါပြီ။ မောင်၊ ညီမများက ကျွန်မ၏ ကျန်းမာရေး၊ စိတ်ချမ်းသာရေးအတွက် ပူပင်ကြသောအခါ၊ ကျွန်မ၏ သားရေးသမီးရေး၊ လူမှုရေးကိစ္စများတွင် ဝိုင်းဝန်းကြသောအခါ **"အစ်မကြီးတော့အမိအရာ"**ဆိုသည်မှာ အစ်မအကြီးကသာ အမေလိုတာဝန်ယူတတ်၊ ချစ်တတ်၊ ကြင်နာတတ်ခြင်းမဟုတ်သေး၊ မောင်၊ ညီမများကလည်း အစ်မကြီးကို အမေနေရာထားပြီး ချစ်ခင်လေးစား အားထားစောင့်ရှောက်ခြင်းဖြစ်နေသည်ကို ကျွန်မသတိပြု ခံစားမိလိုက်ပါသည်။

ကျွန်မကိုယ်တိုင်ရော ကျွန်မအမေကဲ့သို့ မောင်၊ ညီမများပေါ်တွင် အစ်မကြီးတော့ အမိနေရာမှ တာဝန်ကျေပါရဲ့လား၊ သည်းခံစာနာနိုင်ပါရဲ့လား၊ ပြုစုစောင့်ရှောက်နိုင်ပါရဲ့လား စသည်တို့ကို စဉ်းစားမိလာပါသည်။ အမှန်အတိုင်းဝန်ခံရလျှင် ကိုယ့်အိမ်ထောင်နှင့်ကိုယ်၊ ကိုယ့်တာဝန်နှင့်ကိုယ်၊ ကိုယ့်လူမှုရေးကိစ္စများနှင့်ကိုယ် ပတ်ချာလည်ယမ်းနေသောဘဝတွင် မေမေနှင့်ကျွန်မ အကွာကြီး ကွာခြားလွန်းလှပါသည်။

မည်သို့ပင်ဖြစ်ပါစေ၊ ကိုယ့်အတွက်၊ ကိုယ့်ဇနီးခင်ပွန်းအတွက်၊ ကိုယ့်သားသမီးအတွက် သက်သက်သာမကြည့်တတ်သော၊ တစ်ကိုယ်ကောင်းမဆန်သော မြန်မာမိသားစု၊ မြန်မာဆွေမျိုးစု၏ နွေးထွေးသော မေတ္တာစေတနာဝန်းကျင်သည် လူဖြစ်ရကျိုးနပ်လှသော လူမှုဆက်ဆံရေးဝန်းကျင် ဖြစ်ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နေရာတွင် ရှေ့ဆုံးသို့ခရီးရောက်နေသော နိုင်ငံကြီးများစွာမှ လူများစွာသည် ကိုယ့်ဘဝကိုယ် တာဝန်ယူကြရပါသည်။ မည်မျှအသက်အရွယ် ကြီးရင့်အိုမင်းသူဖြစ်ပါစေ၊ တတ်စွမ်းသမျှ အလုပ်လုပ်ပြီး ကိုယ်စားဖို့ ရှာရသည်။ ကိုယ်အသက်ရှင် ရပ်တည်ဖို့ ကိုယ်ကြိုးစားကြရသည်။ မိမိဘာသာဘယ်လိုမှ မရပ်တည်နိုင်လျှင် လူမှုရေးအသင်းအဖွဲ့များ၊ အစိုးရအဖွဲ့အစည်းများ၏ အကူအညီအထောက်အပံ့ဖြင့် အသက်ရှင်ရေးအတွက် ကြိုးပမ်းကြရသည်။ သားသမီး မြေးမြစ်များဖြင့် ကြည်နူးနွေးထွေးသောဘဝမျိုးကို စိတ်ကူးပင်မယဉ်နိုင်ကြရှာပေ။

ယင်းနိုင်ငံကြီးများမှ သားသမီးများကိုယ်တိုင်မှာလည်း မိမိဘဝ၊ မိမိ မိသားစုဘဝ၊ မိမိကလေးများ လူတစ်လုံးသူတစ်လုံးဖြစ်ရေး ဘဝများအတွက် မနေမနားကြိုးစားရုန်းကန်ကြရသည်။ အဖေ၊ အမေ၊ အဘိုး၊ အဘွားကို လှည့်မကြည့်နိုင်၊ စောင့်မကြည့်နိုင်၊ တာဝန်မယူနိုင်။ လူနေမှုစရိတ်၊ စားဝတ်နေရေးစရိတ် မြင့်မားလှသော လူမှုဝန်းကျင်တွင် ဘဝရည်မှန်းချက်တစ်ခုအတွက်၊ လူမှုအဆင့်အတန်း တစ်ခုအတွက် စုံးစုံးမြုပ်နေကြရပါသည်။

ကျွန်မတို့ မြန်မာမိသားစုများမှာမူ မသေခင်တစ်ဘဝ၊ သေခါနီးတစ်ခဏတွင်ပင် နေပျော် သေပျော်သော လူမှုဝန်းကျင်တွင် မွေ့လျော်နိုင်ကြပါသည်။

မေတ္တာတရား၊ အကြင်နာတရား၊ စာနာစိတ်များထားရှိသော လူနေမှုနယ်ပယ်တွင် နွေးထွေးစွာ အသက်ရှင်ရပါသည်။

ထမင်းတစ်လုတ်၊ မုန့်တစ်ခု၊ ဆေးတစ်ခွက်ပင်ဖြစ်ပါစေ တတ်စွမ်းသမျှ ပြုစုစောင့်ရှောက်ခြင်းကို ခံယူကြရပါသည်။

အပြန်အလှန်ထားရှိသော ချစ်ခင်မှု၊ စာနာမှု၊ ရိုင်းပင်းမှု၊ စောင့်ရှောက်မှုများဖြင့် နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြရပါသည်။

ဤသို့သော လူ့အဖွဲ့အစည်းမှ မွေးဖွားလာသော၊ ဤလူ့အဖွဲ့အစည်း၏ ပုံရိပ်များဖြစ်သော စကားပုံများ၊ ဆိုရိုးစကားများသည်လည်း ဤလူ့အဖွဲ့အစည်းကိုပင် ပဲ့ပြင်လမ်းညွှန်လျက်ရှိသည်ကို တွေ့ရပါသည်။

မြန်မာအမျိုးသမီးများ၏ မိခင်စိတ်နှင့် မြန်မာအမျိုးသမီးများ၏ အနစ်နာခံမှုကိုဖော်ပြသော **"အစ်မကြီးတော့ အမိအရာ"**ဟူသော ဆိုရိုးစကားသည်လည်း မြန်မာ့လူ့အဖွဲ့အစည်း၏ နှစ်လိုဖွယ် နူးညံ့နွေးထွေးမှုကို ပျောက်ပျက်ဆုံးရှုံးသွားအောင် ညွှန်ပြထွန်းညှိပေးသည့် ဆီမီးတန်ဆောင် ဖြစ်ပါသည်။

မြန်မာ့လူ့အဖွဲ့အစည်းက လက်ခံပြုရသော လူမှုလမ်းညွှန်ဖြစ်ပါသည်။ မြန်မာအမျိုးသမီးများ၏ အနစ်နာခံမှု၊ မြန်မာ့စိတ်ဓာတ်များနှင့် အတူ မြန်မာတည်သမျှ တည်ရှိနေမည့် မြန်မာ့ဆိုရိုးစကားဖြစ်သည်ဟု လည်း ခံစားယုံကြည်မိပါသည်။ ။

ဆိုရိုးစကားများစွာအနက်မှ "အစ်မကြီးတော့အမိအရာ" "အစ်ကိုကြီးတော့ အဖအရာ"ဟူသော ဆိုရိုးစကားသည် မြန်မာတို့၏ နွေးထွေးသော မိသားစုဆက်ဆံရေး၊ သိမ်မွေ့သော မိသားစုစိတ်ဓာတ်များကို ဖော်ပြနေပါသည်။ မိသားစုဝင်အချင်းချင်း ရိုင်းပင်းမှု၊ တာဝန်ယူတတ်မှု၊ အထက်နှင့်အောက် အကြီးနှင့်အငယ် အပြန်အလှန် ချစ်ခင်မှု၊ လေးစား ကြင်နာမှုများကို လည်းဖော်ပြနေ။

✻ **သဘာဝအခြေခံကောင်းမှ**

ရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကား ပြောကြားရာ၌ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံတွင်း၊ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေ စိုးမိုးမှု ရှိခြင်းသည် အဓိက လိုအပ်ချက်ဖြစ်ကြောင်း၊ ယခုအခါ မွန်ပြည်နယ်အပါအဝင် နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးမှု ရရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် မွန်ပြည်နယ်အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်ပြီဖြစ်ကြောင်း၊ ထိုသို့ လုပ်ဆောင်ရာတွင် ပြည်နယ်၏ ဦးစီးခေါင်းဆောင်များသည် အဓိကကျသော အခန်းကဏ္ဍ၌ရောက်နေပြီဖြစ်ကြောင်း၊ ပြည်နယ်ဦးစီးခေါင်းဆောင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအနေဖြင့် မိမိတာဝန်ကို ကျွမ်းကျင်ပိုင်နိုင်စွာ ဦးဆောင် ဦးရွက်ပြု၍ ထမ်းဆောင်သွားကြလျှင် မကြာမီ ပြည်နယ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အချင်းချင်း ညှိနှိုင်းဆွေးနွေး၍ ပေါင်းစပ် ဆောင်ရွက်ကြရန်လည်း လိုအပ်ကြောင်း။

ပြည်နယ်ဖွံ့ဖြိုးရေး

မွန်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်ရန် သဘာဝ အခြေခံကောင်းများ ရှိသဖြင့် နိုင်ငံတော်က စက်ရုံအလုပ်ရုံများ၊ စီမံကိန်းဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်အောင် ပံ့ပိုးပေးနေမှုများအပြင် လမ်းပန်း ဆက်သွယ်ရေးအတွက် အဓိကကျသော အိပ်မက်တံတားဟု ခေါ်တွင်သည့် သံလွင်တံတား(မော်လမြိုင်)ကို တည်ဆောက်ပေးထားကြောင်း၊ ထို့ကြောင့် မွန်ပြည်နယ်အနေဖြင့် ရရှိထားသော သဘာဝ အခြေခံကောင်းများကို အပြည့်အဝအသုံးချ၍ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထား ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

နှစ်စဉ်တိုးတက်နေသော လူဦးရေနှင့်အညီ ဒေသဝမ်းစာဖူလုံမှုကို လက်ရှိဖူလုံရုံသာရှိသေးသည်မှ ပိုမိုသည်ထက် ပိုမိုအောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် လက်ရှိမိုးစပါးစိုက်ပျိုးမှုမှ လာမည့်နှစ်တွင် စပါးဧက ၁၀ သိန်း ရောက်ရှိအောင် အဘက်ဘက်မှ စီမံဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ထို့အတူ ရော်ဘာစိုက်ပျိုးမှုကိုလည်း စိုက်ဧက လေးသိန်းအထိ တိုးမြှင့်ရန်ဖြစ်ကြောင်း။

အပတ်တကုတ်ကြိုးပမ်း

ထို့ကြောင့်ပြည်နယ်တွင် တာဝန်ယူဆောင်ရွက်နေကြသော ပြည်နယ်ဦးစီးခေါင်းဆောင်များသည် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတာဝန်ယူရာ ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထား၍ အချင်းချင်း အပြန်အလှန် ကူညီပံ့ပိုးဆောင်ရွက်ကြခြင်း၊ တစ်ဦးနှင့် တစ်ဦးပွင့်လင်းစွာ အကြံပြုခြင်းတို့အပြင် နိုင်ငံချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် နိုင်ငံသားကောင်း ပြည်သူ့ဝန်ထမ်းများအဖြစ် မိမိတို့ ကျရာတာဝန်ကို အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် မိမိတို့၏ ဆောင်ရွက်ချက်များ၊ အားနည်းချက်၊ အားသာချက်များကို ရိုးသားပွင့်လင်းစွာ ဝိုင်းဝန်းညှိနှိုင်း ဆွေးနွေးကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် မွန်ပြည်နယ်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများ၏ ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ဇူလိုင်လကုန်အထိ အကောင်အထည်ဖော်နိုင်မှုနှင့် တစ်နှစ်လုံး စီမံကိန်းရည်မှန်းချက် ပြည့်မီကျော်လွန်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို သက်ဆိုင်ရာ ဝန်ကြီးဌာန အသီးသီးမှ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မွန်ပြည်နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ပြည်နယ်စီမံကိန်းဦးစီးမှူး ဦးထွန်းမြတ်က ပြည်နယ်၏ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ် ဇူလိုင်လကုန်အထိ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးနှင့် စီမံကိန်းရည်မှန်းချက် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အကောင်အထည်ဖော်နိုင်

ထို့နောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က မွန်ပြည်နယ်၏ စီမံကိန်းများလျာထားချက်အပေါ် အကောင် အထည်ဖော်နိုင်မှုအခြေအနေများကို တင်ပြရာတွင် မွန်ပြည်နယ်၏ ၂၀၀၅-၂၀၀၆ခုဘဏ္ဍာရေးနှစ် ဇူလိုင်လကုန်အထိ စီမံကိန်းလျာထားချက်အပေါ် လယ်ယာကဏ္ဍက ၄ရာခိုင်နှုန်း၊ သား/ငါးကဏ္ဍက ၁၈ ဒသမ ၅ ရာခိုင်နှုန်း၊ သစ်တောကဏ္ဍက ၃၃ ဒသမ ၄ ရာခိုင်နှုန်း၊ သတ္တုကဏ္ဍက ၃၄ ဒသမ ၈ ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍက ၃၉ ဒသမ ၃ရာခိုင်နှုန်း၊ လျှပ်စစ်ကဏ္ဍက ၂၁ ဒသမ ၁ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးကဏ္ဍက ၅၀ ဒသမ ၁ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍက ၄၀ ဒသမ၇ ရာခိုင်နှုန်း စသည်ဖြင့် အကောင်အထည် ဖော်နိုင်ခဲ့ကြောင်း၊ ယင်းကဏ္ဍများတွင် အစိုးရ၊ သမဝါယမနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ အသီးသီးတို့၏ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများပင်ဖြစ်ကြောင်း၊ ပြည်နယ်တစ်ခုလုံးအနေဖြင့် စီမံကိန်းလျာထားချက်အပေါ် ၂၂ ဒသမ ၁ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

အထူးသဖြင့် မိုးစပါးစိုက်ပျိုးမှုကို လာမည့်နှစ်တွင် ဧက ၁၀ သိန်းအထိ တိုးချဲ့စိုက်ပျိုးနိုင်အောင် လယ်ယာစာရင်းဇယားများကို တိကျစွာ စာရင်းကောက်ယူ၍ ဆောင်ရွက်နေသည့်အပြင် စပါးနှစ် သီးစိုက်ဧက ၁၅၀၀၀၀ ခန့်ရှာဖွေဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးကဏ္ဍ အနေဖြင့် တက္ကသိုလ်ဝင်တန်း အောင်ချက်တွင် တစ်နိုင်ငံလုံး၌ ဒုတိယအဆင့်ရရှိသည်အထိ အောင်မြင်မှုရှိခဲ့ကြောင်း။

သဘာဝ ဘေးအန္တရာယ်ဖြစ်သော ယခုနှစ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကြုံတွေ့ရသည့် ရေလွှမ်းမိုးမှု ဖြစ်စဉ်များအတွက် ကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်မီဆောင်ရွက်ပေးနိုင်ပြီး ရေလွှမ်းမိုးမှုကြောင့် ပျက်စီးသွားသော လယ်မြေများ၌ စပါး ပြန်လည်စိုက်ပျိုးခြင်း၊ ဖာထေးစိုက်ပျိုးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပေါင်းစပ်ဆောင်ရွက်နေ

ပြည်နယ်၏ လုပ်ငန်းဆောင်ရွက်မှုများကို သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများနှင့် တစ်ပတ်လျှင် တစ်ကြိမ်အမြဲထိတွေ့၍ လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်စဉ် ဆောင်ရွက်ချက်များအပေါ် အားနည်းချက်၊ အားသာချက်များကို သုံးသပ်၍ ပြည်နယ်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လာမည့်နှစ်တွင် ယခုနှစ်ထက် ပိုမိုအောင်မြင်အောင်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ် ဆွေးနွေး၍ မွန်ပြည်နယ်၏ ကဏ္ဍအားလုံးတိုးတက်လာစေရန် ဌာနဆိုင်ရာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများအားလုံး စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရေး၊ အားနည်းချက်၊ လိုအပ်ချက်များကို အချိန်မီ သက်ဆိုင်ရာသို့ ပွင့်လင်းစွာ တင်ပြကြရေး၊ မွန်ပြည်နယ်အနေဖြင့် မိုးစပါးဧက ၁၀သိန်း၊ ရော်ဘာဧက လေးသိန်း ပြည့်မီရေးကို အထူးအလေးထား ဆောင်ရွက်ရေး၊ ဥယျာဉ်ခြံမြေ စိုက်ပျိုးမှုတွင် ပြည်ပသို့ တင်ပို့နိုင်သည်အထိ စနစ်တကျ စိုက်ပျိုးထုတ်လုပ်ကြရေး၊ ဒေသတွင်း၌ လေအားလျှပ်စစ်စက်များ တွင်ကျယ်စွာ သုံးစွဲသွားကြရေး၊ နိုင်ငံပိုင်စက်ရုံများ ကုန်ကြမ်းအခက်အခဲနှင့် အကြောင်းအမျိုးမျိုးကြောင့် မလည်ပတ်နိုင်ခြင်းများကို သက်ဆိုင်ရာများနှင့် ညှိနှိုင်း၍ အကျိုးအမြတ်ရှိအောင် စီစဉ်ဆောင်ရွက်ရေး၊ ပို့ဆောင်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ငန်းဆောင်ရွက်မှု အမြဲမပြတ်လုပ်ဆောင်နိုင်ရန် ကြံဆ၍ အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်သွားကြရေးတို့ကို မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းသည်။

အစည်းအဝေးအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အစည်းအဝေးသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထောက်ပံ့ပစ္စည်းပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့မှ ကျိုက်မရောမြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ကျိုက်မရောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ ကျင်းပသည့် ကျိုက်မရောမြို့နယ် ရေဘေးဒဏ်ခံရသော နယ်မြေမှ ယာယီပြောင်းရွှေ့နေသော အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သဘာဝဘေးအန္တရာယ်ကြောင့် ယာယီပြောင်းရွှေ့ရသည့် ဒေသခံပြည်သူများအား နိုင်ငံတော်အစိုးရက လိုအပ်သလို ကူညီပံ့ပိုးပေးနေခြင်းမှာ ပြည်သူများအပေါ် နိုင်ငံတော်က စေတနာထား၍ စောင့်ရှောက်နေခြင်းပင် ဖြစ်သဖြင့် ပြည်သူတို့အနေဖြင့် နိုင်ငံတော်၏ စေတနာကို ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပြန်လည်တုံ့ပြန်ကြရေး၊ ရေလွှမ်းမိုးမှု ကင်းလွတ်သောအခါ မိမိတို့၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ရေနစ် လယ်မြေများကို အပြည့်အဝ ပြန်လည် စိုက်ပျိုးရေး၊ သန့်ရှင်းရေးနှင့် ကျန်းမာရေးကို အလေးထားကြရေး တို့ကို မှာကြားသည်။

ယင်းနောက် ရေဘေးဒဏ်ခံရသော နယ်မြေမှ ယာယီပြောင်းရွှေ့နေထိုင်ကြသော အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း အစီအစဉ်ကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ထောက်ပံ့ငွေများကို ကျိုက်မရောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခွန်စိုးလွင်အား ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ထောက်ပံ့ရေး ပစ္စည်းများကို ရှင်စောပုရပ်ကွက်မှ ပြည်သူများကိုယ်စား ရပ်မိရပ်ဖ ဦးကျော်ဝင်းအား လည်းကောင်း၊ ကျောင်းသုံး ဗလာစာအုပ်များကို ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသူ နှစ်ဦးတို့အား လည်းကောင်း ပေးအပ်သည်။

ထို့နောက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးက ထောက်ပံ့ရေးပစ္စည်းများကို ရှင်စောပုရပ်ကွက် ပြည်သူများကိုယ်စား ရပ်ကွက် ပြည်သူတစ်ဦးအား ပေးအပ်သည်။

ယင်းနောက် ရေဘေးဒဏ်ခံရသော နယ်မြေမှ ယာယီပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စုများ ကိုယ်စား ပြည်သူတစ်ဦးက ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်သဖြင့် နိုင်ငံတော် အစိုးရအား ကျေးဇူးတင်ရှိပါကြောင်း ဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နှုတ်ဆက်အားပေး

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရေဘေးဒဏ်ခံရသောနယ်မြေမှ ယာယီပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စုဝင် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကျိုက်မရောမြို့နယ် အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်း၌ ယာယီဖွင့်လှစ်ထားသော အရေးပေါ် ဆေးကုဌာနသို့သွားရောက်၍ ရေဘေးဒဏ်ခံရသော နယ်မြေမှ ယာယီ ပြောင်းရွှေ့ နေထိုင်သော အိမ်ထောင်စုများအား ကျန်းမာရေး စောင့်ရှောက်ကုသပေးနေမှုကို ကြည့်ရှုပြီး အားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျိုက်မရောမြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည် ထွက်ခွာကြပြီး ကျိုက်မရောမြို့နယ် ခရုံကျေးရွာအနီးရှိ ခရုံစိုက်ပျိုးရေးပညာပေး စခန်းသို့ ရောက်ရှိ ကြကာ ရေကြီးနစ်မြုပ်သည့် မိုးစပါးခင်းများ၌ စပါးပင်များပြန်လည် ဖာထေးစိုက်ပျိုးနေမှုကို ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် လယ်မြေများအတွင်း စပါးနှင့်ငါး ယှဉ်တွဲဖြစ်ထွန်းစေရန် ငါးမျိုးများကို စိုက်ထည့်ပေးကြသည်။

ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဘားအံမြို့သို့ရောက်ရှိကြပြီး ဘားအံမြို့ ရွှေယင်မျှော် ပြည်တော်ဇေတီ တန်ဆောင်း၌ကျင်းပသော ဘားအံမြို့ ရေဘေးဒဏ်ခံရသော နယ်မြေများမှ ပြည်သူများအတွက် ထောက်ပံ့ရေး ပစ္စည်းများ ပေးအပ်သည့် အခမ်းအနား သို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားသို့ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူး၊ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဘားအံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘားအံမြို့ ရေဘေးဒဏ်ခံရသော နယ်မြေမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အားပေးစကားပြောကြားပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးက ရေဘေးဒဏ်ခံရသော ဒေသ ဘားအံမြို့ အမှတ်(၁)ရပ်ကွက်မှ ပြည်သူများကိုယ်စား ဒေသခံပြည်သူ နှစ်ဦးတို့အား ထောက်ပံ့ရေးပစ္စည်းများကိုလည်းကောင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ရေဘေးဒဏ်ခံရသောဒေသ ဘားအံမြို့ အမှတ်(၂)ရပ်ကွက်မှ ပြည်သူများကိုယ်စား ပြည်သူ နှစ်ဦးတို့အား ထောက်ပံ့ရေး ပစ္စည်းများကို လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ရေဘေးဒဏ်ခံရသော နယ်မြေမှ ပြည်သူများ ကိုယ်စား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းအား ထောက်ပံ့ငွေများကိုလည်းကောင်း အသီးသီးပေးအပ်ကြသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဘားအံမြို့ ရေဘေးဒဏ်ခံရသောနယ်မြေမှ ပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

ကွန်ပျူတာကောလိပ်(ဘားအံ)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီတွင် ဘားအံမြို့ ဘားကပ်ကျေးရွာ အနီးရှိ အစိုးရကွန်ပျူတာကောလိပ် (ဘားအံ)ပင်မ အဆောက်အအုံ တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ အဆောက်အအုံကို တာဝန်ယူတည်ဆောက်နေသော ရွှေသံလွင် ဆောက်လုပ်ရေးကုမ္ပဏီမှ အင်ဂျင်နီယာချုပ် ဦးသက်နိုင်က အစိုးရကွန်ပျူတာကောလိပ်(ဘားအံ) ပင်မ အဆောက်အအုံကို မျက်နှာဖွင့်အလျားစုစုပေါင်း ၄၉၁ ဒသမ ၅ ပေနှင့် အနံ ၃၅၇ ဒသမ ၅ ပေရှိ လေးထပ် အဆောက်အအုံအဖြစ် တည်ဆောက်လျက်ရှိရာ လုပ်ငန်း၏ ၇၅ရာခိုင်နှုန်း ပြီးစီးနေမှု၊ အဆောက်အအုံ၏ စာသင်

စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ➪

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကျိုက်မရောမြို့နယ် ရေဘေးဒဏ်ခံရသောနယ်မြေမှ ယာယီပြောင်းရွှေ့နေထိုင်ကြသော အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခွန်စိုးလွင်အား ပေးအပ်စဉ်။ (သတင်းစဉ်)

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးက ရေဘေးဒဏ်ခံရသော ဘားအံမြို့ အမှတ်(၁)ရပ်ကွက်မှ ပြည်သူများကိုယ်စား ဒေသခံပြည်သူနှစ်ဦးတို့အား ထောက်ပံ့ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

“မြန်မာနိုင်ငံပြီ” သီချင်းသံ ဘ၀ဂ်သို့လျှံ မိုးထဲရေထဲမှ တစ်ခဲနက် ကြိုဆိုဂုဏ်ပြု

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်ထံ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ချန်ပီယံဆုဖလားအပ်နှံစဉ်။ (ဓာတ်ပုံ-စိုးညွန့်၊ ကြေးမုံ)

မြန်မာလူငယ်အသင်းသည် ပြိုင်ပွဲတစ်လျှောက် ၁၁ ဂိုး သွင်းယူခဲ့ပြီး ခြောက်ဂိုးပြန်ပေးခဲ့ရသည်။ ပိုင်နယ်တီဂိုး မပါဝင်ပေ။ အနိုင်ဂိုးများကို အောင်မြင့်အေးနှင့် အောင်မိုးတို့က သုံးဂိုးစီ၊ လှအေးထွေးနှင့် စိုးသီဟအောင်တို့က နှစ်ဂိုးစီ၊ စည်သူသန်းက တစ်ဂိုး သွင်းယူခဲ့ကြသည်။

မြန်မာလူငယ်အသင်း အာဆီယံ ယူ-၂၀ ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးရယူနိုင်ခဲ့ခြင်းမှာ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့၏ ပံ့ပိုးအားပေးမှုကောင်းခြင်း၊ နည်းပြဆရာများ၏ သင်ကြားပြသမှုကောင်းခြင်း၊ နည်းဗျူဟာ ပြောင်းမြောက်ခြင်း၊ ပွဲတစ်ပွဲချင်းအလိုက် နည်းပရိယာယ်များ ပြောင်းလဲကစားနိုင်ခြင်း၊ ကစားသမားများ၏ အောင်စိတ်ပြင်းထန်မှုနှင့် မခိုမကတ်ပဲ အနိုင်ရရှိရေးအားကုန်ထုတ် ကစားခဲ့ခြင်းကြောင့် ဖြစ်သည်။

အောင်ပွဲရမြန်မာလူငယ်အသင်းအဖွဲ့ခေါင်းဆောင် ဦးသိန်းအောင်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်ထံ ချန်ပီယံဆုဖလား ပေးအပ်စဉ်။
(ဓာတ်ပုံ-ခင်မောင်ဝင်း၊ ကြေးမုံ)

အာဆီယံယူ-၂၀ ချန်ပီယံ အောင်ပွဲရ မြန်မာလူငယ်ဘောလုံးအသင်းသည် ယနေ့ ညနေ ၅ နာရီခွဲက စင်ကာပူနိုင်ငံမှတစ်ဆင့် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် နာယကများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ အားကစားအဖွဲ့ချုပ်များမှ အားကစားသမားများ၊ အား/ကာ သိပ္ပံနှင့် အခြေခံပညာကျောင်းများမှကျောင်းသူ၊ကျောင်းသားများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ကြိုဆိုနှုတ်ဆက်ကြသည်။

အောင်ပွဲရ ချန်ပီယံမြန်မာလူငယ်အသင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေယာဉ်ကွင်းလမ်းဆုံ၊ ဌင်းမှ ပြည်လမ်းအတိုင်း၊ ရှစ်မိုင်လမ်းဆုံ၊ထိုမှတစ်ဆင့်လှည်းတန်းလမ်းဆုံ၊ ဟံသာဝတီအဝိုင်းမှ အလုံလမ်းနှင့် ပြည်လမ်းဆုံ ဆက်လက်၍ အလုံလမ်းအတိုင်း ဦးဝိစာရအဝိုင်း၊ ဦးထောင်ဘိုအဝိုင်း၊ တာမွေလမ်းငါးခွဆုံမှတစ်ဆင့် အရှေ့မြင်းပြိုင်ကွင်းလမ်းဆုံ၊ ဌင်းမှ စုပါဝမ်း (မထသ) အရှေ့မှ သုဝဏ္ဏအားကစားကွင်းအထိ မော်တော်ယာဉ်များဖြင့် လှည့်လည်လာရာ ပြည်သူများက သောင်းသောင်းဖြဖြ တစ်ခဲနက်ကြိုဆိုနှုတ်ဆက်ကြပြီး **“ဒို့မြန်မာနိုင်ငံပြီ”** သီချင်းသံမှာလည်း ဘဝဂ်ညံသွားခဲ့သည်။

အောင်ပွဲရ မြန်မာလူငယ်အသင်းအား မြန်မာဘောလုံးပရိသတ်များက မိုးထဲရေထဲ ကြိုဆိုနှုတ်ဆက်ကြစဉ်။
(ဓာတ်ပုံ-စိုးညွန့်၊ ကြေးမုံ)

အာဆီယံ ယူ-၂၀ ချန်ပီယံ မြန်မာလူငယ်အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရုပ်ရှင်သရုပ်ဆောင်များက ပန်းကုံးစွပ်၍ ကြိုဆိုကြစဉ်။
(ဓာတ်ပုံ-စိုးညွန့်၊ ကြေးမုံ)

အောင်ပွဲရ မြန်မာလူငယ်အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြစဉ်။
(ဓာတ်ပုံ-ခင်မောင်ဝင်း၊ကြေးမုံ)

တစ်ခဲနက်ချီးမြှင့်ကြိုဆို

မြန်မာလူငယ် ဘောလုံးအသင်းအား မြန်မာဘောလုံးပရိသတ်များက မိုးထဲရေထဲကြား လမ်းဘေးဝဲယာတစ်လျှောက် တစ်ခဲနက်ချီးမြှင့် ကြိုဆိုကြသည်။

အောင်ပွဲရ မြန်မာလူငယ်အသင်းသည် မော်တော်ယာဉ်များဖြင့် သုဝဏ္ဏကွင်း တစ်ပတ်လှည့်လည် အောင်ပွဲခံကြပြီး ဆုဖလားပေးအပ်ပွဲ

❍ အောင်ပွဲရမှ

တစ်နှစ်လျှင် ဖလားတစ်လုံး ရယူပေးနိုင်ခဲ့သည်။ ၂၀၀၂ခုနှစ်တွင် အာဆီယံ ယူ -၁၇ လူငယ်ပြိုင်ပွဲမှ လည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် အာဆီယံ ယူ-၁၈ လူငယ်ပြိုင်ပွဲမှ လည်းကောင်း၊၂၀၀၄ ခုနှစ်တွင်ဘင်းမ်စတက် ယူ-၁၈ ပြိုင်ပွဲမှလည်းကောင်း၊ ယခု ၂၀၀၅ ခုနှစ်တွင် အာဆီယံ ယူ-၂၀ ဘောလုံးပြိုင်ပွဲမှလည်းကောင်း နိုင်ငံအတွက် မြန်မာလူငယ်အသင်းများက ချန်ပီယံဆုများ ဆွတ်ခူးရယူပေးခဲ့သည်။

မြန်မာလူငယ် ယူ-၂၀ အသင်းသည် ပြိုင်ပွဲ၌ အရှေ့တောင်အာရှ ဘောလုံးထိပ်သီးနိုင်ငံများဖြစ်သည့် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်စသည့် နိုင်ငံများကို ခြေစွမ်းပြဖြတ်ကျော်ကာ ချန်ပီယံဆုဖလားကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာလူငယ်အသင်း၏ ချန်ပီယံပန်းတိုင်ဆီသို့ ချီရာလမ်းမှ ဖြတ်ကျော်ခဲ့ရပုံများကို ပြန်လည်တင်ပြရလျှင် (က)အုပ်စုတွင် အိမ်ရှင် အင်ဒိုနီးရှား၊ ထိုင်း၊ မလေးရှား၊ ဘရူနိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။ ဘရူနိုင်းလူငယ်ကို သုံးဂိုး-ဂိုးမရှိ၊ ထိုင်းလူငယ်ကို တစ်ဂိုး-ဂိုးမရှိ၊ မလေးရှား လူငယ်ကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် သုံးပွဲဆက်တိုက် အနိုင်ရရှိပြီး အုပ်စုနောက်ဆုံးပွဲ၌ အိမ်ရှင် အင်ဒိုနီးရှားကို လေးဂိုး-သုံးဂိုးဖြင့် ရှုံးခဲ့သော်လည်း သုံးပွဲနိုင်၊ တစ်ပွဲရှုံး၊ ကိုးမှတ်ဖြင့် အုပ်စုပထမရရှိခဲ့သည်။ အကြိုဗိုလ်လုပွဲတွင် ဗီယက်နမ်လူငယ်အသင်းနှင့် မိနစ် ၁၂၀ ပြည့်သည်အထိ တစ်ဂိုးစီ သရေကျနေ၍ ပိုင်နယ်တီဖြင့် ဆုံးဖြတ်ရာ ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရကာ နောက်ဆုံးဗိုလ်လုပွဲဆီသို့ အရောက်လှမ်းနိုင်ခဲ့သည်။ နောက်ဆုံးဗိုလ်လုပွဲတွင် မလေးရှားလူငယ်အသင်းနှင့် ထပ်မံတွေ့ဆုံရာ တစ်လုံးတည်းသောဂိုးဖြင့် ထပ်မံအနိုင်ရရှိပြီး ချန်ပီယံဆုဖလားကြီးကို အမိမြေသို့ သယ်ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

အောင်ပွဲရ မြန်မာလူငယ်အသင်းအား မြန်မာဘောလုံးပရိသတ်များက မိုးထဲရေထဲဝမ်းသာအားရ ကြိုဆိုကြစဉ်။
(ဓာတ်ပုံ-ခင်မောင်ဝင်း၊ ကြေးမုံ)

အာဆီယံ ဘောလုံးထိပ်သီးနိုင်ငံများနှင့် ရင်ဆိုင်ယှဉ်ပြိုင်ခဲ့ရ ရရှိခဲ့သောအောင်မြင်မှု မြန်မာ့ဘောလုံးတိုးတက်ရေး အထောက်အကူပြု

အာဆီယံ ယူ-၂၀ ချန်ပီယံ မြန်မာလူငယ် အသင်းအား အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း တာဝန်ရှိသူများနှင့် အတူ တွေ့ရစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

အခမ်းအနားကို ဆက်လက်ကျင်းပသည်။ အခမ်းအနားတွင် ရှေးဦးစွာ အောင်ပွဲရ မြန်မာလူငယ်အသင်းအဖွဲ့ခေါင်းဆောင် ဦးသိန်းအောင်က ချန်ပီယံဆုဖလားအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်ထံ ပေးအပ်သည်။

ဆက်လက်၍ ချန်ပီယံ မြန်မာလူငယ်အသင်းမှ အဖွဲ့ခေါင်းဆောင်၊ နည်းပြဆရာများနှင့် အားကစားသမားများအား ပရိသတ်နှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။ ၎င်းနောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်ထံ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ချန်ပီယံဆုဖလား အပ်နှံသည်။

ဆက်လက်၍ ဝန်ကြီးက အောင်ပွဲရ မြန်မာလူငယ်အသင်းအား တစ်ဦးချင်း လိုက်လံနှုတ်ဆက်သည်။ ယင်းနောက် အင်ပါယာတီးဝိုင်းနှင့် တွဲဖက်၍ စတီရီယိုတေးသံရှင်များက မြန်မာလူငယ်အသင်းအား ဂုဏ်ပြုသီချင်းများဖြင့် ဖျော်ဖြေကြသည်။

မြန်မာလူငယ်အသင်း ဆွတ်ခူးရရှိခဲ့သော အောင်ပွဲနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က "မိမိ ဥက္ကဋ္ဌတာဝန်ယူစဉ်တွင် နိုင်ငံတကာပြိုင်ပွဲများမှ အမိနိုင်ငံအတွက် ပထမဦးဆုံး ရွှေတံဆိပ်ဆွတ်ခူးရယူနိုင်ခဲ့သည့်အတွက် အောင်ပွဲရ မြန်မာလူငယ်အသင်းနှင့် မြန်မာပြည်သူများနည်းတူ ဝမ်းသာဂုဏ်ယူရပါကြောင်း၊ အောင်ပွဲရ မြန်မာလူငယ်အသင်းကို မိမိတင်မကဘဲ အခြားစေတနာရှင် ဘောလုံးဝါသနာရှင်များက ထိုက်ထိုက်တန်တန် ဂုဏ်ပြုကြမည်ဖြစ်ပါကြောင်း၊ ယခု မြန်မာလူငယ်အသင်းကို ဆက်လက်၍ နိုင်ငံ့ဂုဏ် မြှင့်တင်နိုင်အောင် ဆက်လက် ပြုစုပျိုးထောင်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

မြန်မာလူငယ်အသင်းကို ချန်ပီယံဆုရရှိအောင် စွမ်းဆောင်ပေးခဲ့သူ နည်းပြချုပ် ဦးတင်ဟန်က "မိမိတို့ မျှော်လင့်ထားသည်ထက် အောင်မြင်မှုရရှိခဲ့၍ အတိုင်းမသိ ဝမ်းသာရပါကြောင်း၊ အာဆီယံ ဘောလုံးထိပ်သီးနိုင်ငံများနှင့် ရင်ဆိုင်ယှဉ်ပြိုင်ခဲ့ရ၍ အခက်အခဲများစွာရှိပါကြောင်း၊ မလေးရှားနှင့်ဗိုလ်လုပွဲကတော့ အခက်ခဲဆုံး ပွဲပင် ဖြစ်ပါကြောင်း၊ မိမိတို့ ကလေးများအနေဖြင့် အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့ပြီး ပြည်သူအများ မျှော်လင့်နေသည့် ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း၊ မိမိတို့ အောင်ပွဲရ မြန်မာလူငယ်အသင်းကို ပြည်သူအများက မိုးထဲလေထဲ အံ့မခန်း ကြိုဆိုကြ၍ ဝမ်းသာပီတိဖြစ်ရကြောင်း၊ မိမိတို့ ရရှိခဲ့သော အောင်မြင်မှုသည် မြန်မာဘောလုံးတိုးတက်ရေး၌ အထောက်အကူပြုနိုင်မည်ဟု ထင်ပါကြောင်း" ပြောကြားသွားသည်။

အသင်းခေါင်းဆောင် အောင်မျိုးသန့်က "နည်းပြဆရာ တာဝန်ပေးထားသည့်အတိုင်း ကစားသလို၊ ဗိုလ်စွဲရမည်ဆိုသည့်ရည်မှန်းချက်ဖြင့် ပွဲတိုင်းယှဉ်ပြိုင်ခဲ့ကြောင်း၊ မလေးရှားနှင့် ဗိုလ်လုပွဲက အခက်အခဲဆုံးပွဲပင်ဖြစ်ကြောင်း၊ ဂိုးစောစီးစွာရခဲ့၍ ဂိုးပြန်မပေးရန် ထိန်းကစားရာ၌ အခက်အခဲများရှိပါကြောင်း၊ ပထမဦးဆုံး နိုင်ငံတကာပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရယူနိုင်ခဲ့၍ အလွန်ပင် ဝမ်းသာရပါကြောင်း" ပြောကြားသွားသည်။

ဗိုလ်လုပွဲတွင် အနိုင်ဂိုးသွင်းခဲ့သူ တိုက်စစ်မှူး လှအေးထွေးက "ယခုကဲ့သို့ ချန်ပီယံဖြစ်စေမည့် ဂိုးကို သွင်းယူနိုင်ခဲ့၍ အလွန်ပျော်ရွှင်ရပါကြောင်း၊ မိုးဝင်း ခေါင်းတိုက်ချပေးသောဘောလုံးကို မိမိက Non Stop ကန်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ချန်ပီယံဆုဖလားကြီးကို အမိမြေသို့ သယ်ဆောင်နိုင်ခဲ့၍ ဘောလုံးပရိသတ်များနှင့်အတူ ဂုဏ်ယူရပါကြောင်း" ပြောကြားသွားသည်။

ချန်ပီယံမြန်မာလူငယ်အသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးသိန်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အား/ကာ နည်းပြချုပ်အဖြစ် ဦးတင်ဟန်၊ လက်ထောက်နည်းပြများအဖြစ် ဦးဆန်းဝင်းနှင့် ဦးစိုးမိုး၊ အားကစားသမားများအဖြစ် ဂိုး-သီဟစည်သူ၊ ဇော်မိုးထက်၊ နောက်တန်း-မိုးဝင်း၊ ချမ်းချမ်း၊ မျိုးဇော်ထွန်း၊ ထူးကျော်၊ ဝင်းဇော်အောင်၊ အောင်ဆန်းဦး၊ အလယ်တန်း-ရာဇာဝင်းသိန်း၊ အောင်မိုး၊ စိုးသီဟအောင်၊ အောင်မျိုးသန့်၊ စိုးမင်းဦး၊ စိုင်းသန်းအောင်၊ ရှေ့တန်း-လှအေးထွေး၊ အောင်မြင့်အေး၊ စည်သူသန်းနှင့် မင်းမင်းထွန်းတို့ ပါဝင်ကြသည်။

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အောင်ပွဲရ မြန်မာလူငယ်အသင်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

"ယခုကဲ့သို့ နိုင်ငံအတွက် ချန်ပီယံဆု ရယူနိုင်ခဲ့၍ အောင်ပွဲရ မြန်မာလူငယ်အသင်း၊ မြန်မာပြည်သူများနှင့် ထပ်တူ ဝမ်းသာဂုဏ်ယူပါကြောင်း" ပြောကြားသွားသူ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

"မိမိတို့ ရရှိခဲ့သော အောင်မြင်မှုသည် မြန်မာဘောလုံး တိုးတက်ရေး၌ အထောက်အကူပြုနိုင်မည်ဟု ထင်ပါကြောင်း" နည်းပြချုပ် ဦးတင်ဟန် ပြောကြားစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

"ယခုကဲ့သို့ ချန်ပီယံဖြစ်စေမည့်ဂိုးကို သွင်းယူနိုင်ခဲ့၍ အတိုင်းမသိပျော်ရွှင်ခဲ့ပါကြောင်း" တိုက်စစ်မှူး လှအေးထွေး ပြောကြားစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ဂုဏ်ပြု

အာဆီယံဒေသတွင်း ပြိုင်ဘက်နိုင်ငံများကို ခြေစွမ်းပြ ဖြတ်ကျော်၍ မြန်မာဘောလုံးလောကကို ရွှေရောင်လွှမ်းစေခဲ့သည့် အောင်ပွဲရ ချန်ပီယံ ရွှေမြန်မာလူငယ် ဘောလုံးအသင်းအား ဂုဏ်ပြုလိုက်ရပါသည်။

(ကြေးမုံ)

အောင်ပွဲရ ရွှေမြန်မာ

❍ တစ်လောကလုံး ဂုဏ်ယူမဆုံးအောင်
တောသုံးထောင် အပိုင်စား ခြင်္သေ့အလားပမာသို့
ဘောလုံးမှာထင်ရှား အင်အားနဲ့ တင်စားစရာမို့
သမ္မာရှည်မရွေ့ ယှဉ်ကာပြိုင်သည်
မကြာမီတစ်နေ့ ကမ္ဘာတိုင် မီရအောင်
လာပြီဟေ့ မြန်မာနိုင်ပြီ…မြန်မာနိုင်ပြီ…ဒို့မြန်မာနိုင်ပြီ…။

❍ မိုးထက်မြင့်မား ငွေကြယ်အလား
တိုးတက်ဝင့်ကြွား ဂုဏ်ဆယ်သွားမည့်
မျိုးဆက်သစ်အား လူငယ်များမို့
စွမ်းပကားစံမတူ အောင်လံထူ၍
ပြည်သူနှင့် အစိုးရ အတိုးချပြီး အားရရွှင်ကြည်
အပြုံးညီတလက်လက် နှလုံးရည်ထက်မြက်
အုန်းကျွက်ကျွက်စီ…။

❍ တစ်ရွာလုံး တစ်နယ်လုံး တပြုံးပြုံးနှင့်
တစ်မြို့လုံး တစ်ပြည်လုံး တပြုံးပြုံးနှင့်
ပျော်မဆုံး မော်မဆုံး ရွှေဘောလုံးဟု
ကြုံးဝါးမာန်ကဲ သံမစဲ ညံမြမတိတ် မျိုးချစ်စိတ်ဖြင့်
ထိပ်မှာတစ်ဂဏန်း ရွှေဆုလွှမ်းသည့် ပြည်ချစ်ပန်းမို့
စွမ်းစွမ်းတမံ လမ်းပေါင်းလျှံအောင်
သောင်းသောင်းညံညံ ပျော်ကြသည်
ဒို့တိုင်းပြည်အောင်ပွဲ…။

❍ မြန်မာပြည်အလံ
အာဆီယံ သည်တစ်ပွဲတွင်မက
နောင်အမြဲ အနိုင်နိုင်ငံတွင်
ပြိုင်သမျှ နိုင်ရမည် မပျက်ယုံလျက်
တက်အစုံ ရှက်အဟုန် လက်ကုန်သုတ်ပါလို့
အားထုတ်ကွယ် မြန်မာ့အစွမ်း
ကမ္ဘာလွှမ်းဖို့ပဲ…။ ။
(အောင်ပွဲရ မြန်မာလူငယ်ဘောလုံးအသင်းအား
ဂုဏ်ပြုလျက်…)

မင်းယဉ်စု

ဗီယက်နမ်ပညာရေးနှင့် လေ့ကျင့်ရေးဝန်ကြီး ရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၁

အရှေ့တောင်အာရှနိုင်ငံများ၏ ပညာရေးဝန်ကြီးများကောင်စီ (SEAMEO Council)ဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပညာရေးနှင့် လေ့ကျင့်ရေးဝန်ကြီး H.E. Prof. Dr. Nguyen Minh Hien ခေါင်းဆောင်သည့် ပညာရေးလေ့လာရေးအဖွဲ့သည် ယနေ့ နံနက် ၉နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ဧည့်သည်တော် ဝန်ကြီး H.E. Prof. Dr. Nguyen Minh Hien နှင့် အဖွဲ့ဝင်များအား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung နှင့် သံရုံးဝန်ထမ်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)



လှိုင်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ဆုနှင်းသဘင် အခမ်းအနားကို ဩဂုတ် ၂၀ ရက်က ကျင်းပရာ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် (၆)ဘာသာဂုဏ်ထူးရရှိသူ မခင်ဆုရည်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည်က ဆုချီးမြှင့်စဉ်။
(ပညာရေး)

➪ စာမျက်နှာ ၃ မှ

ဆွမ်းပဒေသာပင် အလှူငွေ စုစုပေါင်း ငွေကျပ် ၁၂၄၁၇၄၅၀ ဖြစ်သည်။

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အတွင်းရှိ ပရိယတ္တိ စာသင်တိုက် ၁၅တိုက်နှင့် သီလရှင် စာသင်တိုက်တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲ အခမ်းအနားကို ညနေ ၃နာရီတွင် လှိုင်မြို့နယ် အမှတ် (၁၃)ရပ်ကွက်ရှိ ပဏ္ဍိတာရာမ ပရိယတ္တိ စာသင်တိုက်၌ကျင်းပရာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ပရိသတ်တို့က နိုင်ငံတော်သြဝါဒါစရိယ ပဏ္ဍိတာရာမ ပရိယတ္တိ စာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပရိယတ္တိ စာသင်တိုက်ကြီးများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲ တို့ကို ဆက်ကပ်လှူဒါန်းကြရာ ရှေးဦးစွာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်းနှင့် စစ်ဦးစီးဗိုလ်မှူးကြီး (စက်မှုလက်မှု) (လေ) ဗိုလ်မှူးကြီးချန်မောင်တို့က ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးတို့ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက ဆရာတော်ကြီးများထံ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင်များ လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ငွေကျပ် ၁၆၀၀၀၀၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၈၀၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၁၆၀၀၀၀၊ သုခမ္မမဏ်ဓောတရေ ဦးဇေယျသူရမွန်-ဒေါ်ခိုင်ခိုင်မြင့် မိသားစုတို့က ငွေကျပ် ၁၀သိန်းနှင့် ပဏ္ဍိတာရာမ ပရိယတ္တိစာသင်တိုက် ဒါယကာ ဒါယိကာမများ စုပေါင်းလှူဒါန်းငွေကျပ် ၅၄၀၀၀၀တို့ကို အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင် ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမ ငရုတ်သီးမှုန့်လုပ်ငန်း) မိသားစုက ငွေကျပ် သုံးသိန်း၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး စန္ဒီပရဆေး မိသားစုက ငွေကျပ် ၂၂၅၀၅၀၊ မြန်မာပြည်သားဟော့ ကေအင်န်ကုမ္ပဏီ ဦးတင်ဝင်း - ဒေါ်စန်းဝင်း မိသားစုက ငွေကျပ်နှစ်သိန်း၊ ဘီတီဘီကုမ္ပဏီ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့် မိသားစုက ငွေကျပ်နှစ်သိန်း၊ ဝင်းရတနာခရီးသွား လုပ်ငန်းမှ ဦးတင်အောင်-ဒေါ်လှလှနွယ် မိသားစုက ငွေကျပ်နှစ်သိန်း၊ လှိုင်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများက စုပေါင်းလှူဒါန်းငွေကျပ် ၁၈၃၈၆၀၊ ဦးသန်းနိုင်-ဒေါ်ကြည်ကြည်ဆွေ (သမ္မတသက်န်းတိုက်)- မိသားစုက ငွေကျပ် ၁၆၀၀၀၀၊ လှိုင်မြို့နယ် အမှတ် (၃)ရပ်ကွက် အုတ်၊ သဲ၊ ကျောက်လုပ်ငန်းရှင်များက ငွေကျပ် ၁၅၀၀၀၀၊ အမှတ် (၂)ရပ်ကွက် အုတ်၊ သဲ၊ ကျောက်လုပ်ငန်းရှင်များက ငွေကျပ် ၂၂၅၀၀၀၊ ဆန်းမြန်မာကုမ္ပဏီဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် မိသားစု၊ထွန်းရွှေဝါဆေးတိုက် ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ မိသားစု၊ ထက်လင်းဆေးတိုက် ဦးခင်မောင်ထွန်း မိသားစု၊ မြင့်မြတ်စပါးစိုက်ပျိုး လုပ်ငန်းဦးအောင်မွန်-ဒေါ်လှလှမော်မိသားစု၊ မုဒုံ မောင်မောင်မိသားစု၊ ဒေါ်ခင်နန်းမွန် သားသမီး မြေးမိသားစု၊ ဒေါ်အေးမြနွယ် (ပုဂံဟိုတယ်)၊ ဒေါ်သန်းနု-အလှူပစ္စည်း အငှားလုပ်ငန်း၊ ဒေါ်လှကြည် မာဃဆေးပေါ့လိပ်လုပ်ငန်းနှင့် ကိုမောင်မောင်နှင့်ညီများ သားရေတုလုပ်ငန်း မိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ မြန်မာနိုင်ငံ ဆီကုန်သည်ကြီးများအသင်းက ငွေကျပ် ၈၀၀၀၀၊ မှန်ချို ဆေးတိုက် သမားတော်ကြီး ဦးလှဌေး-ဒေါ်တင်နွယ်ဦး မိသားစုက ငွေကျပ် ၅၂၀၀၀၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှမိသားစုက ငွေကျပ် ၅၁၀၀၀၊ လူပျံတော်ပတ္တမြား ဦးအောင်မြင့်-ဒေါ်ဖြူသီ မိသားစု၊ ကေသီပန်ဆေးတိုက်မှ ဦးလှမြင့်နှင့် ဦးကြည်စိုး၊ ဦးရန်ရှင်းမိသားစု၊ ဦးအေးကို-ဒေါ်မြခက် (နှင်းဆီဆေးပေါ့လိပ်) မိသားစု၊ (YIEC) အမှတ် (၅)ရပ်ကွက်၊ သီရိမွန် လုံးချင်းအိမ်ရာ မိသားစု၊ ဂွတ်ဘရားသား စက်မှုလုပ်ငန်းမိသားစုနှင့် ဂိုးဒင်းပေါင်း တည်းခိုရိပ်သာတို့က ငွေကျပ် ၅၀၀၀၀စီ အပါအဝင် အလှူရှင် ၈၁ဦးတို့က အလှူငွေများကို တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် စစ်ဦးစီးဗိုလ်မှူးကြီး (စက်မှုလက်မှု) (လေ) ဗိုလ်မှူးကြီးချန်မောင်က တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သြဝါဒါစရိယ ပဏ္ဍိတာရာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တပဏ္ဍိတက အနုမောဒနာ တရားချီးမြှင့်တော်မူပြီး အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် လှိုင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ဝတ်ရွတ်အဖွဲ့က အရပ် ၁၀မျက်နှာ မေတ္တာပို့ဆုတောင်းကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၅တိုက်နှင့် သီလရှင် စာသင်တိုက်တစ်တိုက်တို့သို့ ယနေ့လှူဒါန်းမှုမှာ ဆွမ်းဆန်တော် ၃၃၆ အိတ်၊ ဆီ ၁၃၄ ပိဿာ၊ အိုင်အိုင်ဒင်းဆား ၁၃၄၆ ပိဿာ၊ သွားတိုက်ဆား ၂၆၉ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ဘူး ၆၂၁၀၊ ပဲ ၂၄၂ ပိဿာ၊ ဆပ်ပြာ ၁၃၄၆ တောင့်၊ မွှေးဆပ်ပြာခဲ ၁၃၄၆ ခဲ၊ ငါးခြောက် ၇၂ အိတ်၊ ငံပြာရည်ဘူးကြီး ၁၅ဘူးနှင့် ဘူးသေးနှစ်ဘူး၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့် ၁၆ သေတ္တာနှင့် ဆွမ်းပဒေသာပင်ငွေကျပ် ၇၂၂၃၀၁၀ တို့ ဖြစ်သည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၁-၈-၂၀၀၅)

ကျောက်တော်

၂ ဒသမ ၅၂ လက်မ

ရမည်းသင်း

၁ ဒသမ ၂၆ လက်မ

မိတ္ထီလာ

သုည ဒသမ ၇၅ လက်မ

မိုးကုတ်

သုည ဒသမ ၇၁ လက်မ

မန္တလေး

သုည ဒသမ ၅၁ လက်မ



ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သူများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဩဂုတ် ၂၁ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသိန်းက ခြောက်ဘာသာ ဂုဏ်ထူးရှင် မသဲနှဝေအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

➪ စာမျက်နှာ ၇ မှ

ခန်းများ၊ အုပ်ချုပ်မှုအဆောင်များ၊ ခန်းမကြီးနှင့် သန့်စင်ခန်းများ ဖွဲ့စည်းထားမှု၊ ပေ ၄၀ X ပေ ၃၀ ရှိ စာသင်ခန်းကြီး ၃၄ခန်းနှင့် အခန်းငယ်သုံးခန်းပါဝင် တည်ဆောက်ထားမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အဆောက်အအုံ၏ အမိုးများကို ဦးစားပေး၍ အမြန်ပြီးစီးအောင် တည်ဆောက်ရေး၊ မိုးရေထုတ်အပေါက်များကို အချင်းခြောက်လက်မရှိ ပိုက်များဖြင့် ရေဆင်းကောင်းမွန်အောင် တည်ဆောက်ရေး၊ အကြောင်းအမျိုးမျိုးကြောင့် တည်ဆောက်မှု ပြီးစီးရန် သတ်မှတ်ကာလ ကျော်လွန်နိုင်ပါက ကြိုတင် တင်ပြညှိနှိုင်းရေး၊ လုပ်ငန်းဆောင်ရွက်မှု စနစ်ဇယားများ စနစ်တကျ ရေးဆွဲပြုစုတင်ပြရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တည်ဆောက်ဆဲ ပင်မအဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည်မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြပြီး သံလွင်တံတား (ဘားအံ)သို့ ရောက်ရှိကြကာ တံတားကြီးပေါ်မှ သံလွင်မြစ်၏ ရေစီးရေလာ အခြေအနေ၊ တံတားကြီး၏ ကြံ့ခိုင်မှု အခြေအနေနှင့် ထိန်းသိမ်းမွမ်းမံရမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တံတားကြီး၏ ကြံ့ခိုင်မှု အခြေအနေကို မျက်ခြည်မပြတ် ကြည့်ရှုဆောင်ရွက်ရေး၊ တံတားကြီးကိုသစ်နှင့် ဝါးဖောင်များ၊ ရေယာဉ်များဖြင့် ထိခိုက်မှုမရှိအောင် အထူးဂရုပြုကြရေး၊ လိုအပ်ချက်များကို တာဝန်ရှိသူများထံ အမြန်ဆုံးတင်ပြရေးတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့သို့ ဆက်လက်ထွက်ခွာကြကာ ဘားအံမြို့၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

မဟာပဋ္ဌာန်းဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြို့မ ရပ်ကွက် ဗဟန်း (၃)လမ်း သုခမ္မာ တိုက်ကျောင်းတွင် ကမ္မဋ္ဌာနာစရိယ သဒ္ဓမ္မဇောတိကဓဇ မဟာပဋ္ဌာန်း ဆရာတော် ဘဒ္ဒန္တဝါယမသည် စက်တင်ဘာ ၁၈ရက်မှ ၂၄ရက်အထိ မဟာပဋ္ဌာန်း ဝိပဿနာ ခုနစ်ရက် တရားစခန်း ဖွင့်လှစ်မည်ဖြစ်၍ တရာစခန်းဝင်လိုသူများသည် စက်တင်ဘာ ၁၇ရက် ညနေ အရောက်လာကြရန် နှိုးဆော်ထားသည်။ (က-ပ)

ဟိတေသီအဖွဲ့ နှစ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၂၁

မဟာစည် သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့၏ (၃၉) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၂၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီ တွင် ဟိတေသီဓမ္မာရုံ၌ ကျင်းပမည် ဖြစ်ပါ၍ အဖွဲ့ဝင်များ တက်ရောက် ကြပါရန်နှင့် အကြံဉာဏ်များပေးပို့ လိုပါက ဩဂုတ် ၂၄ရက် နောက်ဆုံး ထားပေးပို့နိုင်ကြောင်း သိရသည်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၈-၂၀၀၅ (တနင်္လာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ တေးဂီတအစီအစဉ်
၇:၁၀ ကျော်ကြားထင်ရှားအနုပညာ ပုလဲပန်းများ အကယ်ဒမီခင်ယုမေ အပိုင်း(၁)
၇:၄၀ နိုင်ငံတကာသတင်းအကျဉ်း
၇:၄၅ တေးဂီတအစီအစဉ်
၇:၅၀ ဒေသဝမ်းစာဖူလုံဖို့ ဆင်းရွှေလီစပါးစိုက်ကြစို့ အပိုင်း(၁)
၈:၀၀ တေးဂီတအစီအစဉ်
၈:၀၅ ၂၀၀၄ခုနှစ် မြန်မာ့ အကောင်းဆုံး အားကစား သမားများအား ဆုချီးမြှင့်ခြင်း
၈:၃၀ ပြည်တွင်းသတင်းအကျဉ်း
၈:၃၅ သဘာဝအစွမ်းသတ္တိ မြန်မာ့စိမ်းပြာရေညှိ
၈:၅၀ တေးဂီတအစီအစဉ်
၈:၅၅ နိုင်ငံတကာသတင်းအကျဉ်း
၉:၀၀ တေးဂီတအစီအစဉ်
၉:၀၅ ဖီဖာကမ္ဘာ့ဖလား ၂၀၀၂
၉:၃၀ မိုးလေဝသခန့်မှန်းချက်
၉:၃၅ တေးဂီတအစီအစဉ်
၉:၄၀ ယဉ်ကျေးမှုတက္ကသိုလ် (ပန်းချီဌာန)
၉:၅၅ ပြည်တွင်းသတင်းအကျဉ်း
၁၀:၀၀ သိပ္ပံအကြောင်း သိကောင်းစရာ (ဆေးရွက်ကြီးအန္တရာယ်)
၁၀:၃၅ တေးဂီတအစီအစဉ်
၁၀:၄၀ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘက်
၁၀:၅၅ တေးဂီတအစီအစဉ်
၁၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည ၂၂:၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်သည်။

အာရှသက်တန်းအလိုက် ရေကူးနှင့် ဒိုင်ဗင်ပြိုင်ပွဲ မြန်မာအသင်း ရွှေ ၁၊ ငွေ ၃၊ ကြေး ၂ ဆွတ်ခူး

ရန်ကုန် ဩဂုတ် ၂၁

စတုတ္ထအကြိမ်မြောက် အာရှသက်တန်းအလိုက်ရေကူးနှင့် ဒိုင်ဗင်ပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဩဂုတ် ၁၉ ရက်မှစတင်၍ ကျင်းပလျက်ရှိရာ ဩဂုတ် ၂၁ ရက် နံနက်ပိုင်း ပွဲစဉ်များအပြီးတွင် မြန်မာက ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ် နှစ်ခု ဆွတ်ခူးရရှိထားကြောင်း သိရသည်။

အမျိုးသမီး သုံးမီတာ စပရိန်ဘုတ် ဒိုင်ဗင်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ နော်အဲစေးထီး။ (ကြေးမုံ)

မြန်မာဒိုင်ဗင်အဖွဲ့အတွက် ဆုတံဆိပ်များကို အမျိုးသမီး သုံးမီတာ စပရိန်ဘုတ်ဒိုင်ဗင်ပြိုင်ပွဲတွင် နော်အဲစေးထီးက ရွှေတံဆိပ်၊ ခင်လေးနုက ငွေတံဆိပ်၊ အမျိုးသမီးငါးမီတာစင်မြင့်ဒိုင် ဗင်ပြိုင်ပွဲတွင် စိုးစန္ဒာညွန့်က ငွေတံဆိပ်၊ လှလှဆန်းက ကြေးတံဆိပ်၊ အမျိုးသမီး တစ်မီတာ စပရိန်ဘုတ် ဒိုင်ဗင်ပြိုင်ပွဲတွင် ခင်လေးနုက ငွေတံဆိပ်၊ နော်အဲစေးထီးက ကြေးတံဆိပ်တို့ ဆွတ်ခူးရရှိကြသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၈-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈:၀၀ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၅ ၈။ အဆိုပြိုင်ပွဲ
၈:၂၀ ၉။ မြန်မာ့မီးရထားစွမ်းအား ကျောက်ရေတွင်းခုံးကျော်တံတား
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Grammar Made Easy.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေးစစ်သည်တော
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ တေးဂီတအစီအစဉ်
၄:၄၅ ၄။ အငယ်သင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၀၀ ၅။ အကပဒေသာ
၅:၁၅ ၆။ ၂၀၀၅ခုနှစ်တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ဓမ္မပူဇာတေး) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသမီး)
၅:၃၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ အဆို၊ အကများ
၅:၅၀ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆:၀၀ ၁၀။ စက်မှုစွမ်းအားခေတ်ကျော်လွှား
၆:၁၀ ၁၁။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး" (အပိုင်း-၁၅)**
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေးနီမလေးရဲ့ချစ်ပုံပြင်" (အပိုင်း-၁၅)**
၇:၃၅ ၁၅။ ၂၀၀၅ခုနှစ်တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆွေးနွေးခန်း (ဝိဓူရဇာတ်တော်ကြီး)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း၊
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောနေခြည်" (အပိုင်း-၅)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဩဂုတ် ၁၆ ရက်က ဆားလင်းကြီးမြို့နယ် မတောင့်တ (တောင်) ကျေးရွာ၊ မတောင့်တ(မြောက်) ကျေးရွာ၊ ဘိုက်သရက်ကျေးရွာ၊ ရွှေသမင်ကျေးရွာ၊ မြင်းခြံပွားကျေးရွာ၊ သမ္မတောကျေးရွာ၊ ရွာသစ်ကုန်းကျေးရွာ၊ အောင်ချမ်းသာကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရန် ပညာရည်မြင့်မားမှုက အဓိကအရေးကြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှ ကမ္ဘာကို ရင်ပေါင်တန်းနိုင်မည် ပြည်သူများ ဗဟုသုတတိုးပွားရန် စာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိ

ရန်ကုန် ဩဂုတ် ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဩဂုတ် ၁၆ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် ဘိုက်သရက်ကျေးရွာရှိ “အလင်းသစ်” စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် စစ်ကိုင်းတိုင်း မှူးရှာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က စာကြည့်တိုက်အတွက် စာအုပ်များ လှူဒါန်းကြပြီး စာကြည့်တိုက်ကို ကြည့်ရှုကြသည်။

ဖြည့်ဆည်းမှာကြား

ယင်းနောက် ဘိုက်သရက်ကျေးရွာ ရွာဦးကျောင်းဆရာတော်အား သွားရောက် ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထိုမှတစ်ဆင့် ဘိုက်သရက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း၏ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် မတောင့်တ(တောင်) ကျေးရွာအုပ်စုသို့ သွားရောက်၍ အခြေခံပညာ မူလတန်းကျောင်းဝင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဆားလင်းကြီးမြို့နယ်မှ ဌာနဆိုင်ရာများ၊ မတောင့်တ (တောင်)၊ မတောင့်တ (မြောက်)၊ ဘိုက်သရက်၊ ရွှေသမင်၊ မြင်းခြံပွား၊ သမ္မတော၊ ရွာသစ်ကုန်းနှင့် အောင်ချမ်းသာကျေးရွာများမှ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ တာဝန်ရှိသူများ စုစုပေါင်းအင်အား ၂၅၀၀ ကျော် တက်ရောက်ကြပြီး ရှေးဦးစွာ ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြကြသည်။

ဦးတည်ရည်ရွယ်ချက်

ထို့နောက် ဗဟိုအတွင်းရေးမှူး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးညှိနှိုင်း၍ အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ကျေးရွာအတော်များများသို့ ကွင်းဆင်းခဲ့ရာ ကျေးရွာတိုင်းလိုလိုက ပညာရေးအတွက် အဓိကထားပြီး ဆွေးနွေးတင်ပြကြသည့်အတွက် ဝမ်းသာအားရ ဖြစ်မိပါကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရန် ပညာရည်မြင့်မားမှုက အဓိကအရေးကြီးကြောင်း၊ ပညာရည်မြင့်မားမှ တိုင်းပြည် တိုးတက်မည်ဖြစ်ကြောင်း၊ လူ့စွမ်းအား အရင်းအမြစ်ဖြစ်သည့် ပညာရည်မြင့်မားရေးသည် နိုင်ငံတော်၏ ဦးတည်ရည်ရွယ်ချက် တစ်ခုဖြစ်ကြောင်း။

ယခင်က ကျေးလက်ဒေသများတွင် ထားရှိသည့် “သမီးမိန်းကလေးများ အနေဖြင့် သေစာ ရှင်စာတတ်လျှင် တော်ပြီ”ဟူသည့် လွဲမှားသည့်အယူအဆသည် ခေတ်နောက်ကျနေပြီဖြစ်ကြောင်း၊ ယခုအခါ အမျိုးသား၊ အမျိုးသမီး တန်းတူအခွင့်အရေး ရရှိနိုင်ပြီး သမီးပဲဖြစ်ဖြစ်၊ သားပဲဖြစ်ဖြစ် ပညာကို ဆုံးခန်းတိုင်အောင် သင်ပေးရန် မိဘများတွင် တာဝန်ရှိကြောင်း၊ ဘွဲ့တစ်ခုခု ရလျှင် ပညာတတ်ပြီဆိုသော ခေတ် မဟုတ်တော့ကြောင်း၊ ပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှ ကမ္ဘာကိုရင်ပေါင်တန်းနိုင်မည်ဖြစ်ကြောင်း၊ ပညာကို မွေးရာမှ သေသည်အထိ ဆက်လက်သင်ယူဆည်းပူးနိုင်မှသာ လူရာဝင်မည်ဖြစ်ကြောင်း၊ ယခုအခါ ကျေးလက်ပြည်သူများ ဗဟုသုတတိုးပွားစေရန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ဖွင့်လှစ်တည်ထောင်ပေးလျက်ရှိရာ ကျေးလက်ပြည်သူများ စာများများဖတ်နိုင်တော့မည်ဖြစ်ကြောင်း၊ အဆိုပါ စာကြည့်တိုက်များ ရေရှည်တည်တံ့နိုင်အောင်လည်း ဝိုင်းဝန်းထိန်းသိမ်းစေလိုကြောင်း။

သတင်းစာဖတ်ရှု

နိုင်ငံတော်က သတင်းစာများကို အကျိုးအမြတ်မယူဘဲ ထုတ်ဝေဖြန့်ဖြူးပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နိုင်ငံတော်၏ အခြေအနေများကို မျက်ခြည်မပြတ်အောင် ဖတ်ရှုလေ့လာသင့် ကြောင်း၊ “ဒို့ကျေးရွာ” ဂျာနယ်ကိုလည်း အရှုံးခံထုတ်ဝေပေးနေသည်မှာ ကျေးလက်ပြည်သူများ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ မွေးမြူရေး၊ ဗဟုသုတများ တိုးပွားစေချင်၍ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ရာသီသီးနှံများ၊ နှစ်ရှည်သီးနှံများ၊ ပြည်ပက အဝယ်လိုက်သော သီးနှံများကို တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကိုပါ တွဲဖက်လုပ်ဆောင်ကြစေလိုကြောင်း၊ အထူးသဖြင့် မတောင့်တကျေးရွာအုပ်စု တောင်ပိုင်းဒေသများသည် ဂဝံဆန်သော မြေများဖြစ်သဖြင့် သရက်ပင်ကဲ့သို့ နှစ်ရှည်သီးနှံများကိုသာ စီးပွားဖြစ်စိုက်ပျိုးသင့်ကြောင်း၊ ထို့အပြင် ဤဒေသတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ဆီးပင်များ စိုက်ပျိုးခြင်းနှင့် ဆိတ်မွေးမြူခြင်းကိုတွဲဖက်၍ စီးပွားဖြစ်မွေးမြူသင့်ပါကြောင်းစသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတောင့်တကျေးရွာအုပ်စု အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ် ၂၀၀၀၀၀ ကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးသည် မတောင့်တ ကျေးရွာအုပ်စုမှ ပြည်သူများအတွက် ဆပ်ပြာခဲများ၊ အဝတ်အထည်များ၊ စောင်များ၊ မီးဖိုဆောင်သုံးပစ္စည်းများ၊ ကျောင်းသုံးစာအုပ်နှင့်ဗလာစာအုပ်များ၊ ကျေးလက်စာကြည့်တိုက်အတွက် စာအုပ်စာတမ်းများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းက လှူဒါန်းသော စည်သွတ်အသားဘူးများ၊ ပဲဘူးများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် စစ်ကိုင်းတိုင်းနှင့် မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ တာဝန်ရှိသူများ၊ တိုင်းနှင့် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဩဂုတ် ၁၆ရက်က ဆားလင်းကြီးမြို့နယ် မတောင့်တ ကျေးရွာအုပ်စုမှ ပြည်သူများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆားလင်းကြီးမြို့နယ် ဘိုက်သရက်ကျေးရွာ “အလင်းသစ်” စာကြည့်တိုက်ဖွင့်ပွဲတွင် စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆေးပညာ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့က ကြီးမှူး၍ “Toward Better Care for Diabetes: from theories to practice” ဟောပြောပွဲကို ဩဂုတ် ၂၇ရက် (စနေနေ့) နံနက် ၉ နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ပြီး ပါမောက္ခ သန်းသန်းအေးနှင့် ဒေါက်တာတင့်ဆွေလတ်တို့က ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် ဆရာဝန်များ တက်ရောက်နိုင်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုအမှူးပြုသော ပရိသတ်များက မွန်ပြည်နယ် မော်လမြိုင်မြို့ ဖားအောက် တောရ ဗုဒ္ဓသာသနာ့ရိပ်သာ (ပင်မ)ကျောင်းတိုက် မေတ္တာဝိဟာရီ သုံးထပ်ဓမ္မာရုံကြီး ဆောက်လုပ်ပြီးစီးခြင်း ကုသိုလ်တော် ရေစက်ချမင်္ဂလာ အခမ်းအနားတွင် ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ(ပင်မ) ကျောင်းတိုက်ကြီး၏ ပဓာန နာယကနှင့် ဩဝါဒါစရိယ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအာစိဏ္ဏထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ (ပင်မ)ကျောင်းတိုက် သုံးထပ်ဓမ္မာရုံကြီး ဆောက်လုပ်ပြီးစီးခြင်း ရေစက်ချမင်္ဂလာ ကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်ကြည်ညို၊ လှူဖွယ်ပစ္စည်းဆက်ကပ်

ရန်ကုန် ဩဂုတ် ၂၁

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ (ပင်မ)ကျောင်းတိုက် မေတ္တာဝိဟာရီ သုံးထပ်ဓမ္မာရုံကြီးဆောက်လုပ်ပြီးစီးခြင်း ကုသိုလ်တော် ရေစက်ချမင်္ဂလာ အခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါဓမ္မာရုံကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်ကြည်ညိုပြီး ဆရာတော်အား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

ရေစက်ချမင်္ဂလာ အခမ်းအနားသို့ မွန်ပြည်နယ်မော်လမြိုင်မြို့ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ(ပင်မ) ကျောင်းတိုက် ပဓာန နာယကနှင့် ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအာစိဏ္ဏ အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး ဒေါ်တင်တင်လတ်၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို အမှူးပြုသော ပရိသတ်များက နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ(ပင်မ) ကျောင်းတိုက်ကြီး၏ ပဓာန နာယကနှင့် ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအာစိဏ္ဏထံမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် ပရိသတ်များက ရှစ်ပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

လျှောက်ထား

ယင်းနောက် ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ(ပင်မ) ကျောင်းတိုက်ကြီး၏ သာသနာနုဂ္ဂဟအဖွဲ့ အတွင်းရေးမှူး ဦးဝင်းမြင့်က မေတ္တာဝိဟာရီ သုံးထပ်ဓမ္မာရုံကြီး ဆောက်လုပ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားတင်ပြသည်။

ထို့နောက် ဖားအောက်တောရ ဆရာတော်ကြီးအား ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ(ပင်မ) ကျောင်းတိုက် ပဓာန နာယကနှင့် ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအာစိဏ္ဏထံမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို အမှူးပြုသော ပရိသတ်များက အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မေတ္တာဝိဟာရီ သုံးထပ်ဓမ္မာရုံ ပထမထပ်တွင် ကိန်းဝပ်စံပယ်တော်မူသော ဓမ္မစက္ကမုဒြာ ကျောက်ဆင်းတု ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ဓမ္မာရုံဆောက်လုပ်ထားမှု အခြေအနေများကို ကြည့်ရှုကြသည်။

ထို့နောက် ဖားအောက်တောရ ကျောင်းတိုက် ဆွမ်းစားကျောင်း၌ ဖားအောက်တောရ ဆရာတော်ကြီး အမှူးပြုတော်မူသော ပြည်တွင်း၊ ပြည်ပတို့မှ တရားစခန်းဝင် ထေရဝါဒ သံဃာတော်အပါး ၄၂၀ ကျော်တို့အား ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက သက်သတ်လွတ်ဆွမ်း၊ ဆွမ်းဟင်းနှင့် ချိုချဉ်အရသာများကို လောင်းလှူပူဇော်ကြသည်။

အဆိုပါ ဖားအောက်တောရ ကျောင်းတိုက်ကြီးတွင် ပြည်တွင်း၊ ပြည်ပမှ ရဟန်းတော်နှင့် သာမဏေ ၄၂၂ ပါး၊ ပြည်ပမှ ဘိက္ခူ၊ ဘိက္ခုနီနှင့် သာမဏေ ၂၉ ပါး၊ ပြည်တွင်း၊ ပြည်ပမှ သီလရှင် ၁၃၅ ပါး၊ အမျိုးသားယောဂီ ၄၅ ဦးနှင့် အမျိုးသမီး ယောဂီ ၁၀၈ ဦး စုစုပေါင်း တရားစခန်းဝင် ရဟန်းရှင်လူ ၇၃၉ ဦးတို့ တရားအားထုတ်လျက်ရှိသည်။

ယခု ဆောက်လုပ်ပြီးစီးသွားသော မေတ္တာဝိဟာရီ သုံးထပ်ဓမ္မာရုံကြီးသည် အလျား ၁၄၄ ပေ၊ အနံ ၇၆ ပေရှိ သံကူကွန်ကရစ် အဆောက်အအုံဖြစ်ပြီး ယင်းအဆောက်အအုံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အလှူရှင်များက ငွေကျပ်သိန်း ၄၀၀၀၊ ပြည်တွင်း၊ ပြည်ပ အလှူရှင်များက ငွေကျပ်သိန်း ၃၀၀ ကျခံလှူဒါန်းခဲ့ခြင်းဖြစ်ပြီး လုပ်အားဒါနအဖြစ် ပါဝင်ကြသူများအပါအဝင် စုစုပေါင်း ငွေကျပ်သိန်း ၄၃၉၀ ကျော် ကုန်ကျခံဆောက်လုပ်ခဲ့သည်။

(သတင်းစဉ်)

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖားအောက် တောရ ဗုဒ္ဓသာသနာ့ရိပ်သာ (ပင်မ)ကျောင်းတိုက် မေတ္တာဝိဟာရီ သုံးထပ်ဓမ္မာရုံကြီးကို တွေ့ရစဉ်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း လူသစ်တန်း ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

၂၀၀၅ ခုနှစ် ဆင်နွှမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း လူသစ်တန်း အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များကို ယမန်နေ့ ညနေပိုင်းတွင် မန္တလေးတိုင်းရှိ သတ်မှတ်ထားသော ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပပြီးစီးသွားသည်။

အနိုင်ရရှိ

ပြိုင်ပွဲတွင် (ခ)အုပ်စု ကျောက်ဆည်ဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် ပဲခူးတိုင်းက ကရင်ပြည်နယ်ကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အကောင်းဆုံး

ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ပဲခူးတိုင်းမှ ရဲထွန်းနိုင်က ရရှိသွားသည်။

(ဂ)အုပ်စု ပြင်ဦးလွင်ဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် ကယားပြည်နယ်နှင့် မကွေးတိုင်းတို့ ယှဉ်ပြိုင်ကစားကြရာ သုံးဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို မကွေးတိုင်းမှ တင်ဝင်းအောင်က ရရှိသွားသည်။

သရေပွဲဖြစ်

(ဃ)အုပ်စု မိတ္ထီလာဇုန်၌ ကျင်းပသောပြိုင်ပွဲတွင် ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေပွဲဖြစ်သွားသည်။

ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ကချင်ပြည်နယ်မှ လဆန်းက ရရှိသွားသည်။

ကွာတားဖိုင်နယ်

ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် မန္တလေးဇုန်နှင့် ကျောက်ဆည်ဇုန်တို့၌ ကျင်းပမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲများကို ဩဂုတ် ၂၅ ရက်၊ ၂၆ ရက်နှင့် ဗိုလ်လုပွဲကို ဩဂုတ် ၂၈ ရက်တွင် မန္တလေးဇုန်၌ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၈-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၆။	မျိုးချစ်တပ်မတော်
၄:၄၅	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀	၈။	**အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** --Civil Law and Procedure Law. **(စတုတ္ထနှစ်-ဥပဒေပညာ)**
၅:၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	မိုးလေဝသသတင်း
၆:၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြော်ငြာချစ်သူ" (အပိုင်း-၉)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	မေးမြန်းစူးစမ်း
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နှင်းနဂါးသိုင်း" (အပိုင်း-၁၉)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လ မွေးနေ့ဝိဇာတမင်္ဂလာကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ပဲခူးတိုင်း (အနောက်ပိုင်း) သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပြည်မြို့ ဝေပုလ္လာရာမ ကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လ၏ သက်တော် (၆၁)နှစ်ပြည့် မွေးနေ့ မင်္ဂလာ အခမ်းအနားကို ဩဂုတ် ၁၉ရက် နံနက် ၉ နာရီက စိန္တာမဏိ သိဒ္ဓိဗိမာန်တော်၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိ အမှူးပြုသော ဆရာတော် သံဃာတော် ၁၀၈ပါးကြွရောက်တော်မူကြပြီး ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ပူဇော်

ရှေးဦးစွာ အဆိုတော် စိုးစန္ဒာထွန်းက ရတုပိုဒ်စုံတေးထပ်နှင့် ဓမ္မပူဇာ တေးသံသာများဖြင့် ပူဇော်သည်။

လှူဒါန်း

ထို့နောက် ပဲခူးတိုင်း (အနောက်ပိုင်း) သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လက သက်တော်ရှည် ဆရာတော်ကြီး ငါးပါးတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းသာသနာရေး ဦးစီးဌာနရုံးသို့ ငွေကျပ် ၅၃၀၀၀၀တန်ဖိုးရှိ လက်နှိပ်စက် တစ်လုံးကို ဆရာတော်ကြီး ကိုယ်စား တပည့်ဒါယကာများက ပေးအပ်လှူဒါန်းရာ ဗိုလ်မှူးချုပ်လှမင်း က လက်ခံသည်။

ယင်းနောက် ဗိုလ်မှူးချုပ်လှမင်းနှင့် ဇနီး ဒေါ်နိုင်နိုင်မော်တို့က ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လအား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လက အနုမောဒနာတရား ဟောကြားတော်မူပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရဲကျင့်ဝတ်ရေးဖြေ စာမေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

၂၀၀၅ ခုနှစ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲကျင့်ဝတ် ရေးဖြေစာမေးပွဲကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရန်ကင်း ပညာရေးကောလိပ်၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် ရဲတပ်ရင်းများ၊ မှုခင်းတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့၊ ပြည်နယ်/တိုင်း ရဲတပ်ဖွဲ့များနှင့် လေ့ကျင့်ရေးကျောင်းများမှ တပ်ဖွဲ့ဝင် စုစုပေါင်း ၁၆၈ဦး ဝင်ရောက်ဖြေဆိုကြပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ လာရောက်ကြည့်ရှု စစ်ဆေးကြပ်မတ်ကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျောက်စာတော်ဘုရားအနီး (မူလသံယုတ်) ပြည်တော်ဦးကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ (စန်းမြသီတာ၊ မဟာစည်)အား အမှူးပြု၍ ကိုရီးယားသမ္မတနိုင်ငံ ဆိုလ်းမြို့မှ မီးစ်ဆောင်ဂျူးဆုက ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူရန် အလှူငွေကျပ် သိန်း ၁၀၀ ကို ဩဂုတ် ၂၀ ရက်က ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ (ဆင်မင်း) ဦးတင်ရွှေနှင့်အဖွဲ့ လက်ခံယူစဉ်။ (က-ပ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၁)၊ အမှတ် (၄၂) ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၁

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၁)၊ အမှတ် (၄၂)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ မြန်မာနိုင်ငံတွင် ပထမဆုံး သီးနှံဇုန်များသတ်မှတ်၊ ပြည်ပသို့သီးနှံများ တိုးချဲ့တင်ပို့လာနိုင်မည်၊ မြန်မာနှင့်အိန္ဒိယတို့ ရုပ်ရှင်ဇာတ်ကားများ အကျိုးတူပူးပေါင်းထုတ်လုပ်နိုင်မည့် အလားအလာရှိ၊ ကျိုင်းတုံမြို့နယ်အတွင်း အဖိုးတန် မြန်မာဂျင်ဆင်း အမြောက်အမြားတွေ့ရှိခဲ့၊ ပို့ကုန်သွင်းကုန်လိုင်စင်များ လျှောက်ထားရာတွင် UMFCCI မှ ဈေးနှုန်းထောက်ခံချက် ပူးတွဲတင်ပြရန်လို၊ MRTV-4 တွင် အပတ်စဉ် ထုတ်လွှင့်လျက်ရှိသော 5Movies မှ နိုင်ငံခြားဇာတ်လမ်းတွဲအစီအစဉ်များ၊ Readers' Dabate ကဏ္ဍမှ အသက်သုံးဆယ်ကျော်မှ အိမ်ထောင်မပြုသင့်ပါ၊ အိမ်ထောင်ပြုသင့်တယ် စသဖြင့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

၂၀၀၅ခုနှစ် အာဆီယံအသက် (၂၀) အောက် မြန်မာလူငယ် ဘောလုံးအသင်း ဂုဏ်ပြုကြိုဆိုပွဲ သတင်းနှင့်ဓာတ်ပုံ အထူးအချပ်ပို ပူးတွဲပါရှိပြီး နှစ်တစ်ရာမော်လ်တ်ဝီစကီ ပေါင်စတာလင်တစ်သိန်းဖြင့် ရောင်းထွက်၊ အာရှ၏ယဉ်ကျေးမှုအမွေအနှစ်များကို လူနှင့်သဘာဝအန္တရာယ်များက ခြိမ်းခြောက်နေ၊ အိပ်ချ်အိုင်ဗွီကုထုံးအသစ်၏ နည်းဗျူဟာ အလားအလာကောင်းမြင်ရ၊ ဂါဇာမှ အစ္စရေးစစ်တပ်ရုပ်သိမ်းရန် စတင်ရာ ထိပ်တိုက်တွေ့မှုများနှင့်ကြုံ စသည့်နိုင်ငံတကာ မျက်မှောက်သတင်းဦးသတင်းထူးများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာကို e-Empire Media House ဖုန်း-၅၄၈၈၈၁ က မြန်မာတစ်နိုင်ငံလုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

"ချစ်ခြင်းဖွဲ့မေတ္တာ" နှင့် "ဘီလူး" ဇာတ်ကား ပရိသတ်အားပေးမှုရရှိနေဆဲ

ရန်ကုန် ဩဂုတ် ၂၁

မြန်မာရုပ်ရှင်ဇာတ်ကားသစ် ရုံတင်ခြင်းမရှိဘဲ ပြသဆဲ **ချစ်ခြင်းဖွဲ့မေတ္တာ** နှင့် **ဘီလူး** မြန်မာရုပ်ရှင်ဇာတ်ကား နှစ်ကားနှင့် နိုင်ငံခြား ရုပ်ရှင်ဇာတ်ကားများ ဆက်လက်ပြသနေသည်။

ချစ်ခြင်းဖွဲ့မေတ္တာ

သဇင်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဝတ္ထုဇာတ်ညွှန်းနှင့်ဒါရိုက်တာ ခင်မောင်ဦးနှင့်စိုးသိန်းထွဋ်တို့ ရေးသားရိုက်ကူးသည့် **ချစ်ခြင်းဖွဲ့မေတ္တာ**ဇာတ်ကားမှာ ပြီးခဲ့သည့် သောကြာနေ့မှစ၍ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ပြသခဲ့ရာ ယနေ့တိုင် ပရိသတ်အားပေးမှုရရှိနေဆဲဖြစ်သည်။

ဇာတ်လမ်းအကျဉ်း

ဇာတ်လမ်းမှာ မိဘမဲ့မောင်နှမ ငါးဦးတွင် အစ်ကိုအကြီးဆုံးဖြစ်သူက ညီမငယ်များ စားဝတ်နေရေးမှအစ ပညာရေးအဆုံး တာဝန်ယူရန်းကန်ကျွေးမွေးပြီး လူလားမြောက်အောင် အနစ်နာခံပံ့ပိုးပုံကို ရိုက်ကူးထားပြီး စရိုက်မတူကြသော ညီအစ်မများအတွက် သောကပွေ ရတက်မအေးရဘဲ ကြိုးစားရုန်းကန်ရပုံကို ထိထိမိမိ လက်စွမ်းပြ ရိုက်ကူးထားသည့် မောင်နှမမေတ္တာ သရုပ်ဖော်ဇာတ်ကား ဖြစ်သည်။

'ဘီလူး' ဇာတ်ကားမှ ဟာသသရုပ်ဆောင်များ၏ ဇာတ်ဝင်ခန်း တစ်ခန်းကို တွေ့ရစဉ်။ (ကြေးမုံ)

ဇာတ်ကားအမည် **ဘီလူး**ဟု ပေးထားသော်လည်း ပါဝင်ကြသည့် ဟာသသရုပ်ဆောင်များ၏ ပီပြင်စွာ သရုပ်ဖော်ဆောင်နိုင်မှုကြောင့် ရယ်ရွှင်ဖွယ်အဖြစ် ပီပြင်စွာခံစားရသည့် ဟာသဇာတ်ကားကောင်း တစ်ကား ဖြစ်သည်။

ရုံတင်ရက် ကြာလာသော်လည်း ပရိသတ် အားပေးမှုအရှိန်ကောင်းနေဆဲဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ပြသဆဲ နိုင်ငံခြား ဇာတ်ကားတစ်ကားဖြစ်သည့် Sky Captain & The World of Tomorrow ဇာတ်ကား ဆက်လက်ပြသနေသည်။ ဇာတ်လမ်းမှာ ကမ္ဘာပေါ်ရှိ နာမည်ကြီး ဓာတ်ပုံပညာရှင်များ တစ်ဦးပြီးတစ်ဦး ထူးဆန်းစွာ ပျောက်ဆုံးသွားမှုကို လိုက်လံ စုံစမ်းထောက်လှမ်းပုံကို စိတ်ဝင်စားဖွယ် ရိုက်ကူးထားသည့် ခေတ်မီသိပ္ပံပညာ အသားပေး ဇာတ်ကားတစ်ကားဖြစ်သည်။

(ကြေးမုံ)

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ မန်ချက်စတာယူနိုက်တက်အသင်း အနိုင်ရ

လန်ဒန် ဩဂုတ် ၂၁

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၂)အဖြစ် မန်ချက်စတာယူနိုက်တက်အသင်းနှင့် အက်စ်တန်ဗီလာအသင်းတို့ စနေနေ့က ယှဉ်ပြိုင်ကစားကြရာ မန်ချက်စတာယူနိုက်တက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ယခုနှစ်၏ အင်္ဂလန်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးရာသီတွင် တာထွက်ကောင်းမွန်စေရန် ကြိုးပမ်းလျက်ရှိသော မန်ချက်စတာ ယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ရုဒ်ဗန်နစ္စတယ်လ်ရွိုင်း က သွင်းယူခဲ့ခြင်းဖြစ်သည်။

ကာကွယ်လိုက်နိုင်

ကိုရီးယားလူမျိုး ကွင်းလယ်ကစားသမား ပတ်ဂျေဆန်သည် ရူနီနှင့် ဘောလုံး အပို့အယူပြုလုပ်ခဲ့ပြီးနောက် ဂိုးသွင်းရန် အခွင့်အလမ်းကောင်း ရရှိခဲ့သော်လည်း ဂိုးသမား သောမတ်ဆိုရင်ဆန် ကာကွယ်လိုက်နိုင်သည်။

ပွဲချိန် ၅၉မိနစ်တွင် ပတ်၏နေရာ၌ အစားထိုးဝင်ရောက်ခဲ့သူ ရိုနယ်ဒိုသည် ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းခဲ့သော်လည်း ဂိုးမဝင်ခဲ့ပေ။

ပွဲချိန် ၆၆မိနစ်တွင် ပေါ်တူဂီတောင်ပံကစားသမား ရိုနယ်ဒိုကန်ပို့လိုက်သည့်ဘောလုံးသည် ဗီလာ နောက်တန်းလူ အိုလော့ဖ်မယ်လ်ဘတ်ဂျ်

အက်စ်တန်ဗီလာအသင်းမှ မက္ကန်နှင့် မန်ချက်စတာယူနိုက်တက်အသင်းမှ ရူနီတို့ ဘောလုံးယှဉ်လုကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

၏ ဦးခေါင်းပေါ်မှကျော်ကာ နစ္စတယ်လ်ရွိုင်းထံရောက်ရှိသွားပြီး ၎င်းက အလွယ်တကူပင် အနီးကပ် ကန်သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပရီမီယာရှစ် ဘောလုံးပြိုင်ပွဲ၏ အဖွင့်ပွဲနှစ်ပွဲစလုံး အနိုင်ရရှိခဲ့သော မန်ချက်စတာ ယူနိုက်တက်အသင်းသည် နှစ်နှစ်တာမျှဆုဖလားနှင့် ဝေးကွာနေခဲ့ရပြီးနောက် ဆုဖလားကို ပြန်လည်ရရှိနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

အခြားပွဲရလဒ်များ

မန်စီးတီး	၂	–	ဘာမင်ဂမ်	၁
ဘလက်ဘန်း	၂	–	ဖူလ်ဟမ်	၁
ချာလ်တန်	၁	–	ဝီဂန်	၀
လီဗာပူး	၁	–	ဆန်ဒါလန်း	၀
နယူးကာဆယ်	၀	–	ဝက်စ်ဟမ်း	၀
စပါး	၂	–	မစ်ဒယ်ဘရော့	၀
ဝက်စ်ဘရွန်း	၂	–	ပို့စ်မောက်	၁

(အမ်အင်အေ၊ရိုက်တာ)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

ရန်ကုန် ဩဂုတ် ၂၁

လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၂ဒသမ၅၂လက်မ၊ ရမည်းသင်းမြို့တွင် ၁ဒသမ ၂၆လက်မ၊ မိတ္ထီလာမြို့တွင် သုညဒသမ၇၅လက်မ၊ မိုးကုတ်မြို့တွင် သုညဒသမ ၇၁လက်မနှင့် မန္တလေးမြို့တွင် သုညဒသမ၅၁လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၂၂ရက်ညနေအထိ ခန့်မှန်းချက်မှာ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

ဘက်စုံထူးချွန်ဆု ချီးမြှင့်

ပုဇွန်တောင်မြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၆) နှစ်ပတ်လည်အစည်းအဝေးနှင့် ဆုပေးပွဲကို ဩဂုတ် ၂၀ရက်က ကျင်းပရာ စတုတ္ထတန်း ပထမဆုနှင့်မြို့နယ်ဘက်စုံ ထူးချွန်ဆုရ မောင်ထူးငြိမ်းချမ်းဝေအား ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်စန်းမြင့်က ဘက်စုံထူးချွန်ဆု ချီးမြှင့်ပေးအပ်စဉ်။ (၂၃)

သဘာဝအခြေခံကောင်းများကို အပြည့်အဝအသုံးချ၍ ပြည်နယ်ဖွံ့ဖြိုးရေး အလေးထားကြိုးပမ်း တိုးတက်နေသောလူဦးရေနှင့်အညီ ဒေသဝမ်းစာဖူလုံမှု ပိုမိုသည်ထက်ပိုမိုအောင် ဆောင်ရွက် လာမည့်နှစ်တွင် စပါးဧက ၁၀သိန်းနှင့် ရော်ဘာစိုက်ဧက လေးသိန်းအထိတိုးမြှင့်

ရန်ကုန် ဩဂုတ် ၂၁

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဩဂုတ် ၂၀ ရက် နံနက် ၈ နာရီခွဲတွင် မော်လမြိုင်မြို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ ကျင်းပသည့် မွန်ပြည်နယ် ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်း ရည်မှန်းချက်အပေါ် ဇူလိုင်လကုန်အထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ပြည်နယ်၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း စီမံပေးသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဇော်မင်း၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ မွန်ပြည်နယ်မှ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့မှ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး **စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များ ကျိုက်မရော မြို့နယ် ခရုံကျေးရွာအနီးရှိ ခရုံစိုက်ပျိုးရေး ပညာ ပေးစခန်း လယ်မြေများအတွင်း ငါးမျိုးများ စိုက်ထည့် ပေးကြစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုကြိုဆိုနှုတ်ဆက်

၂၀၀၅ခုနှစ် အာဆီယံ အသက်(၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲခဲ့သော မြန်မာလူငယ်ဘောလုံးအသင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အောင်လံဝင့်၍ ဤသို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။ (အပေါ်ပုံ)**နှင့် ဆွတ်ခူးရယူခဲ့သော အာဆီယံဆုဖလားကြီးနှင့်အတူ အောင်ပွဲရ မြန်မာလူငယ်ဘောလုံးအသင်းအား ပရိသတ်များက ဤသို့ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုနှုတ်ဆက်ကြသည်။** (ယာပုံ)

ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

အောင်ပွဲရ မြန်မာလူငယ်ဘောလုံးအသင်း ပြန်လည်ရောက်ရှိ ပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

ရန်ကုန် ဩဂုတ် ၂၁

၂၀၀၅ ခုနှစ် ဩဂုတ် ၅ရက်မှ ၁၉ရက်အထိ အင်ဒိုနီးရှားနိုင်ငံ Palembang ၌ ကျင်းပပြုလုပ်ခဲ့သော အာဆီယံ အသက်(၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်ဘောလုံးအသင်းသည် အနိုင်ရ ဗိုလ်စွဲပြီး ပထမချန်ပီယံ ဆုဖလားကြီးကို ဆွတ်ခူးရယူခဲ့ခြင်းဖြင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့ပြီဖြစ်သည်။

မြန်မာလူငယ်ဘောလုံးအသင်းများသည် မြန်မာ့ဘောလုံးလောကအတွက် ချန်ပီယံဖလားပေါင်းများစွာ ဆွတ်ခူးရယူပေးထားနိုင်သည့် အသင်းများဖြစ်သည်။ မြန်မာ့ဘောလုံး ရွှေရောင်လွှမ်းစဉ်အချိန်အခါသမယက မြန်မာလူငယ်အသင်းများသည် ချန်ပီယံဆုဖလားများ ဆွတ်ခူးရယူပေးနိုင်သကဲ့သို့ မျက်မှောက်ကာလတွင်လည်း မြန်မာ့ဘောလုံးလောကကို ရွှေရောင်လွှမ်းအောင် ဆောင်ကြဉ်းပေးလျက်ရှိသည်။ ၂၀၀၂ ခုနှစ်မှစ၍ မြန်မာလူငယ်ဘောလုံးအသင်းများသည် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**